# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၁၁)ရက် ၊ အင်္ဂါနေ့ ၊ (22-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## “လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၁**

“လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ လွှတ်တော် အမြဲတမ်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ⚐**

## ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများနှင့် ဒေသခံ ပြည်သူများက ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၁**

ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)ကြား နေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့သည်။ အလားတူ အဆိုပါညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင်(၁၂/၂)နှင့်(၁၂/၃)ကြားရှိ စွန့်ပစ်တာ၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အလျားပေ ၁၆၀ နှင့်

**စာမျက်နှာ ၂၆ ကော်လံ ၁ ✱**

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ် တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)က ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။


**စာမျက်နှာ ၂၇ ကော်လံ ၄ ❍**

## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ပိုမိုအားကောင်းလာကာ

**စာမျက်နှာ ၂၆ ကော်လံ ၁ ❑**



ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# အဆင့်မြင့်ပညာသင်ယူဖို့ တက္ကသိုလ်ဝင်ခွင့်လျှောက်ကြစို့

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့်မားသော ပညာရေးကဏ္ဍသည် အဓိက အကျဆုံးနှင့်အရေးအပါဆုံးမဏ္ဍိုင်ဖြစ်သည်။ နိုင်ငံသားများ ပညာတတ်မြောက်ပြီး အသိပညာ၊ အတတ်ပညာများ ကြွယ်ဝမှသာ နိုင်ငံအတွက်လိုအပ်သော ကျွမ်းကျင်လုပ်သားများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ခေတ်မီသိပ္ပံနှင့် နည်းပညာများကို အသုံးချကာ စီးပွားရေး၊ စိုက်ပျိုးရေးနှင့်စက်မှုလုပ်ငန်းများကို တီထွင်ဖန်တီးနိုင်စွမ်းမြင့်မားလာမည် ဖြစ်သည်။ ပညာရေးသည် လူတစ်ဦးစီ၏ ဝင်ငွေနှင့် ဘဝအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရုံသာမက နိုင်ငံ၏စီးပွားရေးတိုးတက်မှုကိုပါ အထောက်အကူပြုနိုင်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သောကြောင့် ပညာတတ်မှ စာတတ်မှသာ လူများအလယ်တွင် တင့်တယ်လူရာဝင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာတွင်လည်း ဝင်ဆံ့စေမည်ဖြစ်သည်။ ထို့ကြောင့် အဆင့်မြင့်ပညာရပ်များကို နည်းလမ်းမျိုးစုံဖြင့် ကြိုးစားသင်ယူတတ်မြောက်ရမည်ဖြစ်သည်။ မိမိဘဝအတွက်၊ နိုင်ငံတော်အနာဂတ်အတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ ပညာရေးပင်ဖြစ်သည်။ ထို့ကြောင့် ကလေးဘဝ မူကြိုတန်းမှစ၍ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ရေးတို့မှတစ်ဆင့် အဆင့်မြင့်ပညာသင်ယူနိုင်အောင် တက်လှမ်းနိုင်ရေးသည် ကျောင်းသားလူငယ်များ၏ အနာဂတ်အတွက် အဓိကကျသော ကြိုးစားအားထုတ်မှုပင်ဖြစ်သည်။

ယခုအခါ ၂၀၂၆ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ပြီဖြစ်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ တက္ကသိုလ် ၂၅ ခု၌ လက်ခံသွားမည်ဖြစ်သည်။ ထို့ကြောင့် စာမေးပွဲအောင်မြင်ထားသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာ၌ မိမိရရှိထားသော အမှတ်ပေါင်းဖြင့် ဝင်ခွင့်ရရှိနိုင်သော တက္ကသိုလ်ကို သေချာရွေးချယ်သင့်သည်။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ခေါ်ယူနေခြင်းသည် မိမိဘဝအတွက် အခွင့်ကောင်းတစ်ရပ်ဖြစ်သကဲ့သို့ ဘဝတက်လမ်းလှေကားထစ်တစ်ခုလည်းဖြစ်ပေသည်။

တက္ကသိုလ်များသည် အဆင့်မြင့်ပညာရပ်များကို သင်ကြားရာနေရာဖြစ်သည်သာမက လူမှုဆက်ဆံရေးနယ်ပယ်ကိုချဲ့ထွင်၍ အတွေ့အကြုံသစ်များရရှိစေပြီး မိမိတို့ဘဝရပ်တည်မှုအတွက် သင်ကြားလေ့ကျင့်ပေးရာနေရာလည်းဖြစ်သည်။ နိုင်ငံတော်က ပညာရေးကို အထူးဦးစားပေးဆောင်ရွက်ပေးနေချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူ လူငယ်လူရွယ်များက မိမိတို့ဘဝတိုးတက်မြင့်မားရေးအတွက် ခွင့်သာခိုက်မှာ နေပူတုန်းစပါးလှန်းဆိုသကဲ့သို့ တက္ကသိုလ်ပညာရပ်များ ဆက်လက်ဆည်းပူးလေ့လာသင့်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ယနေ့လူငယ်များ၏ အနာဂတ်ဘဝလှပရေးနှင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် အဆင့်မြင့်ပညာများ သင်ယူတက်လှမ်းနိုင်ရေးသက်ဆိုင်ရာတက္ကသိုလ်များ ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားခြင်းကို အချိန်မီဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၁၀၃၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၁၀၃၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၀၄၂ ဧက၊ မြင်းမူမြို့နယ်တွင် ၇၄၂ ဧကနှင့် မြောင်မြို့နယ်တွင် ၇၅၁၆ ဧက စုစုပေါင်း ဧက ၁၀၃၀၀ တို့ဖြစ်ကြောင်း၊ အဆိုပါ ပဲပုပ်စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲပုပ်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပဲပုပ်စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲပုပ်အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားပါမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မြောင်းမြ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း မနောသုခဆန်၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဒီဘက်က မနောသုခဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဆန်အိတ်တွေကို တင်ပို့ရောင်းချနေရတဲ့အတွက် တောင်သူတွေနဲ့ ကုန်သည်တွေ အဆင်ပြေလာပါတယ်"ဟု မြောင်းမြမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ကန်တိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်တိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကန်တိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# မင်းလှမြို့နယ် တာကွေ့ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းလှ စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာကွေ့ကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို မိတ်ဆက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တာကွေ့ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ပြောပြ၍ သိရသည်။

**သန္တာ**

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၈၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၈၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ပဲတီစိမ်း ၁၂၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ပဲတီစိမ်းစိုက်ပျိုးမှုကို အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၂၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ပဲတီစိမ်း သီးနှံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့အတွက် နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးသွားပါမယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ၌ ဝါသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာသင်တန်း ပို့ချ

**ဝမ်းတွင်း စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြေတိုင်ကန်ကျေးရွာရှိ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ရွှေတောင်)၌ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးနည်းပညာသင်တန်း ပို့ချခြင်းကို စက်တင်ဘာ ၂၀ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ဝါအထူးဇုန်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးငွေက ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကနေဒီထွန်းက မိုးကြို၊ မိုးနှောင်း ဝါစိုက်ပျိုးထွက်ရှိမှုအခြေအနေများ၊ တောင်သူမျိုးစေ့ထုတ်လုပ်ငန်းကိုပြည်ထောင်စုအစီအစဉ်ဖြင့် ဘုရားဖြူကျေးရွာတွင် ဧက ၄၀၊ တိုင်းဒေသကြီးအစီအစဉ်ဖြင့် မြေတိုင်ကန်ကျေးရွာတွင် ဧက ၅၀ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြေတိုင်ကန်ကျေးရွာမှ တောင်သူဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး နည်းပညာများကို စာတွေ့လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# သာစည်မြို့နယ် ဇီးပင်ပေါက်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးပင်ပေါက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဇီးပင်ပေါက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သိန်း ၃၀ ဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဇီးပင်ပေါက်ကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်ဦးရေ ၅၀ ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလဲထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလဲထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၄၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၇၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဒေးဒရဲမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးသလဲထိုး ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို ငါးသလဲထိုးအပြင် အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေ အဓိကတင်ပို့ရောင်းချနေတာပါ။ လက်ရှိမှာလဲ ဒေသထွက် ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို ရန်ကုန်ဈေးကွက်က မှာယူနေပါတယ်။ ငါးသလဲထိုးတွေ ကုန်ချိန်အများအပြား တင်ပို့ရတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ငါးမွေးမြူသူတွေ အဆင်ပြေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချအားကောင်းလာသည့်အတွက် ငါးမွေးမြူသူများ၊ ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၂၀)

ပါမောက္ခကိုကိုအောင်



**အခွံထူသောအသီးများ**

သရက်သီး၊ လိမ္မော်သီး၊ ကီဝီသီး စသည့် အခွံထူသောအသီးတချို့၏အခွံများကို တိုက်ရိုက်စားသုံးရန် အခက်အခဲရှိသည့်အားလျော်စွာ ၎င်းအခွံများကို အခြောက်လှမ်းပြီး ဟင်းခတ်အမွှေးအကြိုင်အဖြစ် ထည့်သွင်းစားသုံးခြင်းအားဖြင့်လည်းကောင်း သို့တည်းမဟုတ် ဖျော်ရည်လုပ်ရာ၌ အခွံကိုပါ ထည့်သွင်းဖျော်စပ်သောက်သုံးခြင်းအားဖြင့်လည်းကောင်း အာဟာရဓာတ်များကို ရယူနိုင်သည်။

အသီးအနှံတို့၏ အခွံများနှင့်အပင်တို့၏ အပွေးနှင့်အခေါက်တို့မှာ များစွာသော တိရစ္ဆာန်မျိုးစိတ်တို့အတွက် အာဟာရများပင်ဖြစ်ကြသော်လည်း လူတို့ကမူ အခွံအားလုံးကို စားသုံးရန်မသင့်ပေ။

ဟင်းသီးဟင်းရွက်တချို့နှင့် အသီးအနှံတချို့၏ အခွံများကမူ လူတို့အတွက် အာဟာရဓာတ်များ စုစည်းတည်ရှိရာ အရင်းအမြစ်များဖြစ်ကြသည်။

၎င်းအခွံများသည် အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်တို့အပြင် ရောင်စုံဓာတ်တိုးဆန့်ကျင်ပစ္စည်းများ အထူးကြွယ်ဝလျက် ရှိနေကြသည်ဖြစ်ရာ အခွံကို စနစ်တကျဆေးကြောပြီး စားသုံးခြင်းအားဖြင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာကို ရရှိနိုင်ကြမည်ဖြစ်သည်။

**အာလူးကို အခွံမနွှာဘဲ ချက်ပြုတ် သုံးဆောင်ခြင်း၏ အကျိုးကျေးဇူးများ**

အာလူး၏အခွံသည် အာဟာရဓာတ်များ အလွန်ကြွယ်ဝသော အစိတ်အပိုင်းဖြစ်သည်။ အခွံနွှာပြီးမှ ချက်ပြုတ်သုံးဆောင်ပါက တန်ဖိုးရှိသော အာဟာရများစွာဆုံးရှုံးနိုင်သည်။

အာလူး၏အခွံက အမျှင်ဓာတ်၏ အဓိက အရင်းအမြစ်တစ်ခုဖြစ်သည်။ ၎င်းအမျှင်ဓာတ်က အစာခြေဖျက်မှုစနစ်ကို ကောင်းမွန်စေခြင်းဖြင့် ဝမ်းမှန်စေသည်။ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးပြီး ကယ်လိုရီ အများအပြားမစားမိစေဘဲ ဗိုက်ပြည့်ချိန်ကို ကြာရှည်စေသည်။

အာလူး၏အခွံနှင့် အခွံအနီးရှိအသားထဲ၌ ဗီတာမင် C က ပိုမိုကြွယ်ဝစွာပါဝင်နေသည်။ ဗီတာမင် C က ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး ကော်လာဂျင်ထုတ်လုပ်မှုအတွက် အရေးပါသဖြင့် အရေပြားကျန်းမာရေးနှင့် ဒဏ်ရာအကျက်မြန်ခြင်းကို အထောက်အကူပြုသည်။ အခွံနွှာပစ်လိုက်ပါက ပါဝင်နေသော ဗီတာမင် C ပမာဏ၏ ထက်ဝက်ခန့်ကိုဆုံးရှုံးနိုင်သည်။

အာလူး၏အခွံသည် ပိုတက်ဆီယမ်ကြွယ်ဝသော အစိတ်အပိုင်းလည်းဖြစ်သည်။ ပိုတက်ဆီယမ်က သွေးပေါင်ချိန်ကို ထိန်းညှိပေးရုံမျှမက အာရုံကြောနှင့် ကြွက်သား၏ လုပ်ဆောင်မှုများကိုလည်း ကောင်းမွန်စေရန်အတွက် အလွန်အရေးကြီးသော သတ္တုဓာတ်ဖြစ်သည်။ အာလူး၏ အခွံတွင် အာလူး၏ အသားမှာထက် ပိုတက်ဆီယမ်များက ပိုမိုပါဝင်နေသည်။

အာလူး၏အခွံတွင်ပါဝင်နေသော ဗီတာမင် B6 ကလည်း ဇီဝဆိုင်ရာဖြစ်ပျက်မှုနှင့် ဦးနှောက်အာရုံကြော၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည်။ ထို့ပြင် အခွံ၌ပါရှိသောသံဓာတ်က သွေးနီဥဆဲလ်များ ဖွဲ့စည်းရန်နှင့် အောက်ဆီဂျင်ပို့ဆောင်ရန်အတွက် လိုအပ်သောသတ္တုဓာတ်ဖြစ်သည်။

အလားတူပင် အာလူး၏အခွံ၌ ပါဝင်နေသော မဂ္ဂနီဆီယမ်ကလည်း အရိုးကျန်းမာရေး၊ ကြွက်သားလုပ်ဆောင်မှုနှင့် အာရုံကြောလုပ်ငန်း ဆောင်တာများအတွက် အထူးသင့်လျော်ကောင်းမွန်သည်။

အာလူးအခွံ၌ အထူးသဖြင့် အနီရောင်နှင့် အနက်ရောင်ရှိသော အာလူးအခွံများတွင် ကလိုရိုဂျင်းနစ်အက်စစ်ကဲ့သို့သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သည်။ ၎င်းပစ္စည်းများက ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များကို ပျက်စီးစေသော ဓာတ်တိုးပစ္စည်းများ၏ ဆိုးကျိုးဖြစ်စေမှုမှ ကာကွယ်ပေးကာ နာတာရှည်ရောဂါများ (ဥပမာ- နှလုံးရောဂါ၊ ကင်ဆာ) ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။

**❖ အာလူး၏အခွံသည် ပိုတက်ဆီယမ်ကြွယ်ဝသောအစိတ်အပိုင်းလည်းဖြစ်သည်။ ပိုတက်ဆီယမ်က သွေးပေါင်ချိန်ကို ထိန်းညှိပေးရုံမျှမက အာရုံကြောနှင့်ကြွက်သား၏ လုပ်ဆောင်မှုများကိုလည်း ကောင်းမွန်စေရန်အတွက် အလွန်အရေးကြီးသော သတ္တုဓာတ်ဖြစ်သည်။ အာလူး၏အခွံတွင် အာလူး၏အသားမှာထက် ပိုတက်ဆီယမ်များက ပိုမိုပါဝင်နေသည်။ အာလူး၏အခွံတွင်ပါဝင်နေသော ဗီတာမင်B6 ကလည်း ဇီဝဆိုင်ရာဖြစ်ပျက်မှုနှင့် ဦးနှောက်အာရုံကြော၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည်။ ❖**

**အာလူးကို အခွံမနွှာဘဲ စားသုံးလေ့ရှိသော လူမျိုးများ**

**ကိုးရီးယားလူမျိုးများ**

ကိုးရီးယားဟင်းလျာများတွင် Gamja-jorim သို့မဟုတ် Gamja-bokkeum ကဲ့သို့သော အာလူးဟင်းများကိုအခွံမနွှာဘဲ ချက်ပြုတ်လေ့ရှိသည်။ အခွံပါပြီး အာလူးကို ဆီ၊ ပဲငံပြာရည် စသည်တို့ဖြင့် နူးညံ့အောင်ချက်ထားသော ဟင်းလျာများဖြစ်သည်။ အခွံကိုပါစား၍ရအောင် သေချာစွာ ဆေးကြောပြီး ချက်ပြုတ်ထားခြင်းဖြစ်ရာ၊ ၎င်းအခွံကြောင့်ပင် ဟင်းလျာကို ပိုမိုတင့်တယ်စေပြီး အာဟာရကိုလည်း ပြည့်ဝစေသည်။

**ဥရောပနိုင်ငံသားများ**

ဂျာမနီ၊ စကင်ဒီနေးဗီးယားနှင့် ယူကေ စသော ဥရောပနိုင်ငံများတွင် ဖုတ်ထားသော အာလူး (Baked Potato)ကို အခွံပါတစ်ပါတည်းစားသုံးခြင်းက အလွန်ပင်ခေတ်စားသည်။ ဖုတ်ထားသော အာလူးပေါ်တွင် ဒိန်ခဲ၊ ပဲပင်ပေါက်၊ ဘေကွန် စသည်တို့ကိုတင်ပြီး အခွံနှင့်တကွ စားသုံးကြသည်။ အခွံကို မီးဖုတ်ထားသောကြောင့် ချောကလက်အရောင် သို့မဟုတ် အညိုရောင်ရှိကာ ကြွပ်ရွနေမှုကြောင့် အမြင်လည်းလှ အရသာကလည်း ထူးကဲသည်။

**အိန္ဒိယလူမျိုးများ**

အိန္ဒိယနိုင်ငံတွင် အလူးချတ် (Aloo Chaat) သို့မဟုတ် အလူးဂိုးဘီ (Aloo Gobi) ကဲ့သို့သော ဟင်းလျာများကို တစ်ခါတစ်ရံ အခွံမနွှာဘဲ ချက်ပြုတ်တတ်ကြသည်။ အထူးသဖြင့် လတ်ဆတ်ပြီး အရွယ်အစားသေးငယ်သော အာလူးများကို အခွံမနွှာဘဲ ဟင်းချိုထဲ ထည့်ချက်၍ စားသုံးလေ့ရှိကြသည်။

**တောင်အမေရိကနိုင်ငံသားများ**

အာလူး၏ မူလအစဖြစ်သော တောင်အမေရိကတွင် အာလူးအမျိုးအစားပေါင်းများစွာကို စိုက်ပျိုးကာ စားသုံးကြသည်။ ပီရူးနိုင်ငံသားများ၏ ရိုးရာဟင်းလျာများဖြစ်ကြသော Papa a la Huancaina ကဲ့သို့သော ဟင်းလျာများတွင် အာလူးကို အခွံခွာခြင်းမရှိဘဲ ပြုတ်၍ ဟင်းချိုထဲထည့်ကာ စားသုံးလေ့ရှိကြသည်။

အာလူး၏အခွံကို စားသုံးမည်ဆိုပါက အာလူးကို စနစ်တကျဆေးကြောရန် အရေးကြီးသည်။ မြေကြီးအကြွင်းအကျန်နှင့် ပိုးသတ်ဆေးအကြွင်းအကျန်များရှိနေနိုင်သောကြောင့် Brush ဖြင့် ပွတ်တိုက်ကာ ဆေးကြောသင့်သည်။

အစိမ်းရောင်သို့ပြောင်းနေသော အာလူးအခွံများကိုမူ စားသုံးခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။ အစိမ်းရောင်အာလူးအခွံတွင် ပြင်းသောဆိုလနိုင်းဓာတ် (Solanine) ပါဝင်နေနိုင်သောကြောင့်ဖြစ်ပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကောင်းခြင်းမင်္ဂလာ

- နံနက်ချိန်ခါ နေထွက်လာ
  ကြည်သာရွှင်လန်းနိုင်ပါစေ။

- ပူပင်သောက ဘေးဒုက္ခ
  ဒေါသမောဟ ကင်းပါစေ။

- ရွှေငွေစည်းစိမ် ငြိမ်းအေးအိမ်
  သေးသိမ်မရှိ ရပါစေ။

- လူနတ်အပေါင်း ချစ်ခင်ကြောင်း
  ကံကောင်းဆုလာဘ် ပိုင်ပါစေ။

- ကုသိုလ်ဖြူဖြူ စိုက်လို့ထူ
  လိုအင်ကင်းမဲ့ နိုင်ပါစေ။

- ကျန်းမာရွှင်လန်း ပြုံးရောင်သမ်း
  ပင်ပန်းဘယ်ခါ ကင်းပါစေ။

- ကောင်းခြင်းမင်္ဂလာ နေ့စဉ်သာ
  သေချာဆိုက်ရောက် နိုင်ပါစေ။
  ပြုံးနိုင်စေ ပျော်နိုင်စေ။ ။

ဗေဒါမောင်(ပညာရေး)

## ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၅၉၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၅၆၅ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၅၉၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ မြေထောက်ပဲ ၄၅၉၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ မြေထောက်ပဲ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## ပွင့်ဖြူမြို့နယ် ရွာသာကြီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာနှစ်တွင် ရွာသာကြီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ် ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ရွာသာကြီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ရွာသာကြီးကျေးရွာ၌ အရှည် ၅ ဒသမ ၁၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ ကျောက်ရောမြေခင်း၍ မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်း၊ Pipe Culvert ခုနစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ၁၇၉ ဒသမ ၈၈၂ သန်းဖြင့် Shwe Group ကုမ္ပဏီမှ ယခုနှစ် ဩဂုတ် ၂၆ ရက်က စတင်တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော် ထံမှ သိရသည်။

ဇင်မာ

## တောင်တွင်းကြီးမြို့နယ် ချိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ချိုင်းကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ချိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချိုင်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၇ ဦးကို ၄၀၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ၄၀ သိန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုံးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နှဲ့ယဉ်

# ပါပူဝါနယူးဂီနီနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သဖြင့်လမ်းနှင့် တံတားများပျက်စီးခဲ့



**ဂျီနီဗာ စက်တင်ဘာ ၂၁**

ပါပူဝါနယူးဂီနီနိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်က ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့သဖြင့် လမ်းနှင့်တံတားများ ပျက်စီးခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးစောင့်ကြည့်ရေးအဖွဲ့(GDACS)၏ ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါငလျင်သည် စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေအောက်အနက် ၁၀၄ ဒသမ ၃ ကီလိုမီတာခန့်ကို ဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ဗဟိုချက်အနီးရှိ ဒေသခံဦးရေ ၅၀၀၀၀ ခန့်သည် မြေလျင်လှုပ်ခတ်မှုကို သိသိသာသာခံစားခဲ့ရကြောင်း သိရသည်။

ငလျင်သည် အင်အားအနည်းငယ်ပြင်းသော်လည်း ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်း မရှိကြောင်း၊ သို့သော် လမ်း၊ တံတားများနှင့် လူနေအိမ်များ ထိခိုက်မှုရှိခဲ့သဖြင့် ပျက်စီးမှုအခြေအနေ အတိအကျနှင့် အရေအတွက်ကို ယနေ့တွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက စိစစ်ဆဲဖြစ်ကြောင်း သိရသည်။

ပါပူဝါနယူးဂီနီနိုင်ငံသည် ငလျင်လှုပ်ရှားမှုများသော ပစိဖိတ်မီးကွင်းဒေသအတွင်း တည်ရှိသည့်အတွက် ငလျင်နှင့် မြေပြိုမှုကဲ့သို့ သဘာဝ ဘေးအန္တရာယ်များကို မကြာခဏ ကြုံတွေ့ရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း GDACS က ထုတ်ပြန်ထားသည်။

Ref : Russia Today

Trs : KZ

# ကိုလံဘီယာနိုင်ငံ ဗီလာဒီလေဗာမြို့အနီးတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သဖြင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**ဘိုဂိုတာ စက်တင်ဘာ ၂၁**

ကိုလံဘီယာနိုင်ငံအလယ်ပိုင်း ဗီလာဒီလေဗာ မြို့အနီးတွင် လောင်ကျွမ်းနေသော တောမီး ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေသည့်အတွက် အရေးပေါ် အခြေအနေအဖြစ်သတ်မှတ်လိုက်ကြောင်း အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်း (UNGRD) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၂၀ ရက် အစောပိုင်းတွင် စတင်၍ တောမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အချိန်တိုအတွင်း တောမီးကြောင့် သစ်တောမြေဟက်တာ ၄၀ ထိပျက်စီးပြီး လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ တောမီး လောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာသော မီးခိုးငွေ့များမှာ ဗီလာဒီလေဗာမြို့ကို ဖုံးလွှမ်းနေပြီး လေထုညစ်ညမ်းမှုလည်း ဖြစ်ပေါ်လာနိုင်ကြောင်း UNGRD က ထုတ်ပြန်သွားခဲ့သည်။

"ကိုလံဘီယာနိုင်ငံရဲ့ ခရီးသွားမြို့တော်ဖြစ်တဲ့ ဗီလာဒီလေဗာမြို့အနီးမှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုက အချိန်တိုအတွင်း ထိန်းချုပ်ရခက်တဲ့ အဆင့်ကိုရောက်ရှိခဲ့ပြီးတော့ လူနေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ၂၄ နာရီအတွင်းမှာတင် သစ်တောမြေဟက်တာ ၄၀ ထိ ပျက်စီးသွားခဲ့ပြီဖြစ်ပါတယ်။ တောမီးဟာ တစ်နေရာကနေ တစ်နေရာကို ကူးစက်တာ မြန်ဆန်နေသလို လူနေအိမ်တွေကိုပါ ခြိမ်းခြောက်နေတဲ့အတွက် တောမီးအန္တရာယ်အရေးပေါ် အခြေအနေ သတ်မှတ်လိုက်ပါတယ်။ တောမီးလောင်ကျွမ်းတဲ့နေရာနဲ့ နီးကပ်စွာနေထိုင်တဲ့ ဒေသခံတွေကိုလဲ လိုအပ်လာရင် ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့အတွက် ကြိုတင်ပြင်ဆင်ထားရေး သတိပေးချက် ထုတ်ပြန်ထားပါတယ်"ဟု အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး အဖွဲ့အစည်း(UNGRD)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိန္ဒိယနိုင်ငံ ကော့တာဘာဘိုးဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**နယူးဒေလီ စက်တင်ဘာ ၂၁**

အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ် ကော့တာဘာဘိုးဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း အိန္ဒိယ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြေပြိုကျမှုကြောင့် လူနေအိမ်များပျက်စီးပြီး ဒေသခံနှစ်ဦး သေဆုံးခဲ့ကာ ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း၊ ကော့တာဘာဘိုးဒေသ၏ ဝင်လမ်း၊ ထွက်လမ်းများလည်း မြေပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပေါ်ကာ လမ်းများကို ယာယီပိတ်ထားရကြောင်း၊ ကယ်ဆယ်ရေး ဝန်ထမ်းများလည်း ကော့တာဘာဘိုးဒေသသို့ ရောက်ရှိနေပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း အိန္ဒိယသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။



"ကီရာလာပြည်နယ်တစ်ဝန်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ စက်တင်ဘာ ၂၀ ရက် ညနေ ၅ နာရီအချိန်ခန့်မှာတော့ ကော့တာဘာဘိုးဒေသမှာ ရေကြီးရေလျှံမှုနဲ့မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေရပါတယ်။ မြေပြိုကျမှုကြောင့် ဒေသခံနှစ်ဦး သေဆုံးခဲ့ပြီးတော့ တစ်ဦးဒဏ်ရာရရှိခဲ့ပါတယ်"ဟု အိန္ဒိယသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဂျပန်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်း ချဉ်းကပ်လာသဖြင့် လေကြောင်းခရီးစဉ်များရွှေ့ဆိုင်းကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်နေ

**တိုကျို စက်တင်ဘာ ၂၁**

ဂျပန်နိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းသို့ တိုင်ဖွန်းမုန်တိုင်း ဒူဂျူအန် ချဉ်းကပ်လာသဖြင့် လေကြောင်းခရီးစဉ်များရွှေ့ဆိုင်းကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းသို့ အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းဒူဂျူအန် ချဉ်းကပ်လာနေသဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်ကြောင်း စက်တင်ဘာ ၂၀ ရက်က ဂျပန်မိုးလေဝသ အေဂျင်စီက သတိပေးထားပြီး ယနေ့တွင် တိုင်ဖွန်းမုန်တိုင်း ဒူဂျူအန်သည် တိုကျိုမြို့အနီးရှိ အီဇုကျွန်းစုမှ ဟာချီဂျိုကျွန်း၏ အနောက်တောင်ဘက် ၁၀၀ ကီလိုမီတာခန့်အကွာတွင် တည်ရှိပြီး တစ်နာရီလျှင် ၂၅ ကီလိုမီတာနှုန်းဖြင့် မြောက်ဘက်သို့ ရွေ့လျားနေကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း ချဉ်းကပ်လာသဖြင့် ဂျပန်နိုင်ငံအရှေ့ပိုင်းရှိ ကန်တို-ကိုးရှင်းဒေသနှင့် အလယ်ပိုင်းရှိ တိုကိုင်းဒေသတို့တွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး နိုင်ငံအရှေ့ပိုင်းရှိ မြို့အများအပြားတွင် လမ်းများရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေလွှမ်းမှုကြောင့် အမြန်လမ်းမကြီးတချို့ကို ပိတ်ထားရသည့်အပြင် တိုကျိုမြို့နှင့် ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသများကို ဆက်သွယ်ပြေးဆွဲနေသည့် ကျည်ဆန်ရထား ခရီးစဉ်များကိုလည်း ခေတ္တဖျက်သိမ်း ရပ်နားထားကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း ချဉ်းကပ်လာချိန်သည် ဂျပန်နိုင်ငံ၏ ငါးရက်တာအားလပ်ရက်ကာလနှင့် တိုက်ဆိုင်နေသဖြင့် ပြည်သူများအား နောက်ဆုံးရ မိုးလေဝသသတင်းများကိုစောင့်ကြည့်ပြီး ရာသီဥတုအခြေအနေဆိုးရွားလာပါက ခရီးစဉ်များ ရွှေ့ဆိုင်းရန်နှင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်ကာကွယ်မှုများပြုလုပ်ကြရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဖေးအပူပိုင်းမုန်တိုင်း မက္ကဆီကိုပင်လယ်ကွေ့မှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေ

**ဝါရှင်တန် စက်တင်ဘာ ၂၁**

ဖေးဟုအမည်ပေးထားသည့် အပူပိုင်းမုန်တိုင်းသည် လာမည့်ရက်ပိုင်းအတွင်း မက္ကဆီကိုပင်လယ်ကွေ့မှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖေးအပူပိုင်းမုန်တိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာတွင် အစပျိုးနေပြီဖြစ်ပြီး အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာမည့် မုန်တိုင်းဖြစ်ကြောင်း၊ ဖေးအပူပိုင်းမုန်တိုင်းကြောင့် လေတိုက်နှုန်းသည် တစ်နာရီ ၄၅ မိုင်နှုန်းဖြင့် တိုက်ခတ်လာနိုင်ပြီး မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုကျမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဖေးမုန်တိုင်း စတင်ဖြစ်ပေါ်နေသည့် ဧရိယာနှင့် ဝါရှင်တန်ဒီစီမှာ မိုင်ပေါင်း ၂၀၀၀ ကျော်ဝေးကွာနေသည့်အတွက် အမေရိကန်နိုင်ငံ၏ နယ်နိမိတ်အတွင်းသို့ ရောက်ရှိရန် အချိန်အားဖြင့် ရက်ပိုင်းခန့် ကြာမြင့်နိုင်ကြောင်း အမျိုးသား ဟာရီကိန်းစင်တာက သတိပေးချက် ထုတ်ပြန်သွားခဲ့သည်။

"ဖေးအပူပိုင်းမုန်တိုင်းဟာ လာမဲ့ရက်ပိုင်းအတွင်း မက္ကဆီကိုပင်လယ်ကွေ့ကနေ တစ်ဆင့် အမေရိကန်နိုင်ငံအတွင်းကို ဝင်ရောက်လာနိုင်ပါတယ်။ ဖေးမုန်တိုင်းဟာ အတ္တလန္တိတ်သမုဒ္ဒရာအထက်မှာ အစပျိုးနေတာဖြစ်ပြီးတော့ အယ်နီညိုရာသီဥတုရဲ့ နောက်ဆက်တွဲ ပြဿနာတွေကြောင့် ဖေးအပူပိုင်းမုန်တိုင်းဖြစ်ပေါ်လာတာဖြစ်ပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းဟာ တစ်နာရီ ၄၅ မိုင်နှုန်းနဲ့ တိုက်ခတ်နိုင်သလို ဖေးအပူပိုင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီးတော့ ရေကြီးရေလျှံမှုတွေနဲ့ မြေပြိုကျမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်"ဟု အမေရိကန်အမျိုးသားဟာရီကိန်းစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်တပ်မတော်က အနီအောက်ရောင်ခြည် အာရုံခံစနစ်အသစ်များဝယ်ယူရန် L3Harris Technologies ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အမေရိကန်တပ်မတော်သည် နှစ်ပေါင်း ၄၀ ခန့် အသုံးပြုလာခဲ့သည့် AN/TWQ-1 Avenger လေကြောင်းရန်ကာကွယ်ရေး စနစ်၏ စွမ်းဆောင်ရည်ကို ဆက်လက် မြှင့်တင်နိုင်ရန်အတွက် အနီအောက်ရောင် ခြည် အာရုံခံစနစ်အသစ်များ ဝယ်ယူရန် L3Harris Technologies ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၂ သန်းထိ တန်ဖိုးရှိသည့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း Defence Blog က စက်တင်ဘာ ၁၉ ရက် တွင် ဖော်ပြခဲ့သည်။

အဆိုပါစာချုပ်သည် ငါးနှစ်သက်တမ်း ရှိပြီး ၂၀၃၁ ခုနှစ် စက်တင်ဘာလထိ အကျုံးဝင်မည်ဖြစ်ကာ ညအချိန်တွင် လေ ကြောင်းပစ်မှတ်များကို ရှာဖွေခြေရာခံနိုင် ရေးအတွက် အရေးပါသည့် အာရုံခံစနစ် များကို ပံ့ပိုးပေးမည်ဖြစ်သည်။

အဆိုပါစာချုပ်ကို အမေရိကန် ကာကွယ်ရေး ထောက်ပံ့ပို့ဆောင်ရေး အေဂျင်စီ (Defense Logistics Agency က L3Harris Technologies ၏ လက်အောက်ခံ Cincinnati Electronics ကုမ္ပဏီထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ စာချုပ် တွင် စစ်ဘက်သုံး Forward-Looking Infrared (FLIR) အာရုံခံစနစ်များ ပါဝင်ပြီး ၎င်းတို့သည် အပူချိန်ကွာခြားမှုကို ရှာဖွေ ဖော်ထုတ်နိုင်သည့် အပူဓာတ်အခြေပြု ကင်မရာစနစ်များဖြစ်သည်။ စာချုပ်ကို ယှဉ်ပြိုင်တင်ဒါခေါ်ယူခြင်းမပြုဘဲ L3Harris ထံ တိုက်ရိုက်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး Avenger စနစ်အတွက် လိုအပ်သည့် နည်း ပညာကျွမ်းကျင်မှုနှင့် ထုတ်လုပ်နိုင်စွမ်းရှိ သည့် ကုမ္ပဏီအဖြစ် သတ်မှတ်ထားခြင်း ကြောင့် ဖြစ်သည်။

Avenger လေကြောင်းရန်ကာကွယ် ရေးစနစ်ကို အမေရိကန်တပ်မတော်က ၁၉၈၇ ခုနှစ်တွင် စတင်ထုတ်လုပ်အသုံးပြု ခဲ့ခြင်းဖြစ်ပြီး ယနေ့တိုင် အသုံးပြုနေဆဲ ဖြစ်သည်။ စနစ်ကို Humvee စစ်သုံး ယာဉ် ပေါ်တွင် တပ်ဆင်ထားသည့် Gyro-Stabilized Turret တစ်ရပ်ဖြင့် ဖွဲ့စည်းထားပြီး Stinger မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် ရှစ်စင်းကို လွှတ်တင်နိုင်ရန် လွှတ်တင်စင် နှစ်ခု တပ်ဆင်ထားသည်။

ထို့ကြောင့် ယခုစာချုပ်သည် Avenger လေကြောင်းရန်ကာကွယ်ရေးစနစ် အတွက် သာမန်အစိတ်အပိုင်းတစ်ခု အစား ထိုးခြင်းထက် ညအချိန်နှင့် မြင်ကွင်း အကန့်အသတ်ရှိသည့် အခြေအနေများ တွင် ပစ်မှတ်ရှာဖွေခြေရာခံနိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အရေးပါ သည့် အဆင့်မြှင့်တင်မှုတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် လေကြောင်းခြိမ်းခြောက်မှု များသည် အချိန်မရွေးပေါ်ပေါက်လာနိုင် သည့်အတွက် လေကြောင်းရန်ကာကွယ် ရေးစနစ်တစ်ခုအနေဖြင့် နေ့နှင့်ည၊ ရာသီ ဥတုအခြေအနေအမျိုးမျိုးတွင် ပစ်မှတ်ကို ရှာဖွေဖော်ထုတ်နိုင်စွမ်းရှိရန် လိုအပ်သည်။

DLA ၏ စာချုပ်ပုံစံအရ အမေရိကန် တပ်မတော်သည် အနီအောက်ရောင်ခြည် အာရုံခံစနစ်များကို တစ်ကြိမ်တည်း သတ်မှတ်အရေအတွက်ဖြင့် ဝယ်ယူမည် မဟုတ်ဘဲ လိုအပ်ချက်ပေါ်မူတည်၍ အဆင့် ဆင့်မှာယူနိုင်သည့် Indefinite-Delivery Contract ပုံစံကို အသုံးပြုထားသည်။ ထို့ကြောင့် ၂၀၃၁ ခုနှစ် စက်တင်ဘာလထိ ငါးနှစ်ကာလအတွင်း လိုအပ်ချက်များ ပေါ်ပေါက်လာသည့်အတိုင်း အမှာစာများ ခွဲခြားပေးပို့နိုင်မည်ဖြစ်ပြီး စုစုပေါင်း စာချုပ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၂ သန်းထိ ရှိမည်ဖြစ်သည်။ သို့သော် ယခုစာချုပ်အရ အမှန်တကယ်ထုတ်လုပ် ပေးမည့် အာရုံခံစနစ် အရေအတွက်ကို DLA က ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါ။

Avenger လေကြောင်းရန်ကာကွယ် ရေးစနစ်အတွက် အနီအောက်ရောင်ခြည် အာရုံခံနည်းပညာကို ဆက်လက်ဖြည့်တင်း ပေးခြင်းသည် လေကြောင်းရန်ကာကွယ် ရေးစနစ်တစ်ရပ်၏ ထိရောက်မှုသည် ဒုံးကျည်အရေအတွက် တစ်ခုတည်းပေါ် တွင် မမူတည်ဘဲ ပစ်မှတ်ကို အချိန်မီရှာဖွေ ခြေရာခံနှင့် ခွဲခြားသတ်မှတ်နိုင်သည့် အာရုံခံစနစ်များ၏ စွမ်းဆောင်ရည်နှင့် လည်း ဆက်စပ်နေကြောင်း ဖော်ပြနေ သည်။ အထူးသဖြင့် ဒရုန်းနှင့် အနိမ့်ပျံ လေကြောင်းပစ်မှတ်များ ပိုမိုများပြားလာ သည့် ခေတ်သစ်စစ်မြေပြင်တွင် အာရုံခံ စနစ်၊ ပစ်မှတ် ခြေရာခံစနစ်နှင့်တုံ့ပြန်ရေး စနစ်တို့ကို ပေါင်းစပ်တိုးတက်အောင် ဆောင်ရွက်ခြင်းသည် လေကြောင်းရန် ကာကွယ်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေး ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်လာနေကြောင်း သိရသည်။

**Defence Blog, "U.S. Army orders new infrared sensors for its Avenger," 19 September 2026 ကို ဘာသာပြန်ဆို ထားပါသည်။**

# အိန္ဒိယထုတ် Akash လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တာဂျစ်ကစ္စတန်နှင့် တာ့ခ်မန်နစ္စတန်နိုင်ငံသို့ တင်ပို့ရောင်းချ

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဖွံ့ဖြိုးထုတ် လုပ်ထားသည့် Akash လေကြောင်းရန် ကာကွယ်ရေးစနစ်ကို တာဂျစ်ကစ္စတန်နှင့် တာ့ခ်မန်နစ္စတန်နိုင်ငံများသို့ တင်ပို့ ရောင်းချခဲ့ကြောင်း အိန္ဒိယကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) ဥက္ကဋ္ဌဟောင်း Samir Kamat က ပြောကြားခဲ့သည်ဟု Defence Blogက စက်တင်ဘာ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

Akash လေကြောင်းရန်ကာကွယ်ရေး စနစ်သည် လေယာဉ်များ၊ ရဟတ်ယာဉ် များ၊ ဒရုန်းများနှင့် Cruise Missile များ ကဲ့သို့သော လေကြောင်းပစ်မှတ်များကို ကြားဖြတ်တားဆီးရန် တီထွင်ထုတ်လုပ် ထားသည့် စနစ်ဖြစ်သည်။ ဒုံးကျည်များ ကို အိန္ဒိယနိုင်ငံ၏ Bharat Dynamics Limited (BDL) က ထုတ်လုပ်ပြီး ရေဒါနှင့် ကွပ်ကဲထိန်းချုပ်ရေးစနစ်များကို အိန္ဒိယ ၏ DRDO က တီထွင်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ သို့သော် ယခုတင်ပို့ခဲ့သည် ဆိုသော စနစ်အရေအတွက်၊ မည်သည့် မော်ဒယ်ကို ပေးပို့ခဲ့သည်နှင့် စာချုပ်တန်ဖိုး တို့ကို Samir Kamat က အသေးစိတ် ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပေ။

Akash Mk 1S လက်နက်စနစ်တွင် မူလ Akash စနစ်ထက် တိုးတက်ကောင်း မွန်သည့် အင်္ဂါရပ်များ ပါဝင်လာသည်။ Mk 1S သည် ဒုံးကျည်၏ အလယ်ပိုင်းပျံသန်းမှု အဆင့်တွင် Command Guidance ကို အသုံးပြုသကဲ့သို့ နောက်ဆုံးပစ်မှတ်ထိန်း ညှိပျံသန်းသည့်အဆင့်တွင် အိန္ဒိယနိုင်ငံ ထုတ် Active Radio-Frequency Seeker ကို ထည့်သွင်းအသုံးပြုထားသည်။ ထို နည်းပညာပေါင်းစပ်မှုသည် ရွေ့လျားနေ သည့် ပစ်မှတ်များအပေါ် တိကျမှုတိုးမြှင့် ရန်နှင့် အီလက်ထရွန်နစ်နှောင့်ယှက်မှုများ ကို တန်ပြန်နိုင်စွမ်း ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

Akash လေကြောင်းရန်ကာကွယ်ရေး စနစ်တွင် အိန္ဒိယနိုင်ငံထုတ် Rajendra Phased-Array Radar ကိုလည်း အသုံးပြု ထားပြီး ပစ်မှတ်များစွာကို တစ်ပြိုင်နက် ရှာဖွေခြေရာခံနိုင်ရန်နှင့် တုံ့ပြန်ဆောင် ရွက်နိုင်ရန် အထောက်အကူပြုသည်။ ထို့ကြောင့် အဆိုပါစနစ်သည် ပစ်မှတ် တစ်ခုတည်းကို ကာကွယ်ရန်အတွက် သာမက အရေးပါသည့်အခြေခံအဆောက် အအုံများနှင့် နယ်မြေဧရိယာများကို လေ ကြောင်း ခြိမ်းခြောက်မှုများမှကာကွယ်ရန် အသုံးချနိုင်သည့် လေကြောင်းရန် ကာကွယ်ရေးစနစ်တစ်ရပ်အဖြစ် ဖော် ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။



တာဂျစ်ကစ္စတန်နှင့် တာ့ခ်မန်နစ္စတန် နိုင်ငံတို့သည် လက်ရှိတွင် ဆိုဗီယက်ခေတ် နှင့် ရုရှားနိုင်ငံထုတ် လေကြောင်းရန် ကာကွယ်ရေးစနစ်များကို အဓိက အားထားအသုံးပြုနေကြပြီး S-125၊ Kub၊ Buk နှင့် S-300 စနစ်များလည်း ပါဝင် ကြောင်း Defence Blog က ဖော်ပြထား သည်။ အဆိုပါစနစ်များ၏ သက်တမ်း ကြာမြင့်လာမှုနှင့် လေကြောင်းခြိမ်းခြောက် မှုပုံစံများ ပြောင်းလဲလာမှုတို့ကြောင့် နှစ် နိုင်ငံစလုံးသည် လေကြောင်းရန်ကာကွယ် ရေးပစ္စည်းများအတွက် ရောင်းချသူနိုင်ငံ များကို ပိုမိုကွဲပြားစေရန် စဉ်းစားလာကြ ခြင်းဖြစ်သည်။ ဗဟိုအာရှဒေသသည် အစဉ် အလာအားဖြင့် ရုရှားနိုင်ငံထုတ် ကာကွယ် ရေးပစ္စည်းများကို အဓိကအားထားခဲ့သည့် ဈေးကွက်တစ်ရပ်ဖြစ်သည်။ ယခု Akash စနစ်အပေါ် စိတ်ဝင်စားမှုများနှင့်အတူ အဆိုပါဒေသ၏ ကာကွယ်ရေးပစ္စည်း ဝယ်ယူမှုများတွင် ရောင်းချသူနိုင်ငံများ ပိုမိုကွဲပြားလာသည့် အခြေအနေတစ်ရပ် ကို တွေ့မြင်လာရသည်။ အိန္ဒိယအတွက် လည်း ပြည်တွင်းဖွံ့ဖြိုးထုတ်လုပ်သည့် ကာကွယ်ရေးနည်းပညာများကို နိုင်ငံခြား ဈေးကွက်များသို့ တင်ပို့နိုင်မှုတိုးမြှင့်လာ ခြင်းသည် ၎င်း၏ကာကွယ်ရေးစက်မှု လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာ ဈေးကွက်ချဲ့ထွင်ရေးအတွက် အရေးပါ သည့် အခြေအနေတစ်ရပ် ဖြစ်လာသည်။

**Defence Blog, "India's home-grown air defense system finds new buyers," 18 September 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# FIFA-ASEAN Cup 2026 ဘောလုံးပြိုင်ပွဲ ဝင်ရောက်ကစားမည့် မြန်မာအမျိုးသားအသင်း၏ အပြီးသတ် ကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာ အမျိုးသားအသင်း နည်းပြ အန်ဒါဆန်က FIFA-ASEAN Cup 2026 ဘောလုံးပြိုင်ပွဲ ဝင်ရောက်ကစားမည့် အသင်း၏ အပြီးသတ် ကစားသမားစာရင်းကို ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာ အမျိုးသားအသင်း၏ အပြီးသတ် ကစားသမားစာရင်းတွင် အဓိက ကစားသမားနှစ်ဦး ဖြစ်သည့် အသင်းခေါင်းဆောင် မောင်မောင်လွင်နှင့် ဟိန်းဖြိုးဝင်းတို့သည် ဒဏ်ရာကြောင့်ပါဝင်လာခြင်းမရှိခဲ့ဘဲ ဂိုးသမားနေရာတွင် ဆန်းဆက်နိုင်၊ နေလင်းထက်၊ ဇင်ညီညီအောင်၊ ခံစစ်ကစားသမားနေရာတွင် မြတ်ဖုန်းခန့်၊ ဖြိုးပြည့်စုံ၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ ဇွဲခန့်မင်း၊ ကွင်းလယ်ကစားသမားနေရာတွင် အောင်မျိုးခန့်၊ ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ ရှိုင်းဝဏ္ဏအောင်၊ မိုးဆွေ၊ လွင်မိုးအောင်၊ ကျော်မင်းဦး၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ ခွန်ကျော်ဇင်ဟိန်း၊ ကောင်းခန့်ကျော်၊ ရဲရင့်အောင်၊ တိုက်စစ်ကစားသမားနေရာတွင် ပြည့်စုံအောင်၊ ဝင်းနိုင်ထွန်း၊ သန်းပိုင်တို့ပါဝင်ခဲ့ကြသည်။

မြန်မာ အမျိုးသားအသင်းသည် FIFA-ASEAN Cup 2026 ဘောလုံးပြိုင်ပွဲ Division -2 အဆင့်တွင် ကစားရမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၄ ရက်တွင် တီမောလက်စ်တေ အသင်း၊ စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့်ကစားရမည်ဖြစ်ကြောင်းသိရသည်။ **STA**

# South America Championship ဘော်လီဘောပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည့် ဘရာဇီးအသင်း ၂၀၂၈ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရှိ

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၁**




ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် South America Championship ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့တွင် အိမ်ရှင်ဘရာဇီးအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ကစားခဲ့ရာ ဘရာဇီးအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့သည့်အတွက် ၂၀၂၈ အိုလံပစ် ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ကြောင်း Volleyball World သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘရာဇီးအသင်းက လက်ရည်အသာဖြင့် အာဂျင်တီးနားအသင်းကို ဖိအားပေးကစားခဲ့ရာ ပထမပွဲငယ်တွင် (၂၅-၂၀)မှတ်၊ ဒုတိယပွဲငယ်တွင် (၂၅-၂၃)မှတ်၊ တတိယပွဲငယ်တွင် (၂၅-၂၀) မှတ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် ယခုနှစ် South America Championship ဘော်လီဘောပြိုင်ပွဲတွင် ယခုနှစ်အပါအဝင် ချန်ပီယံဆုကို ၃၄ ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

လက်ရှိတွင် ၂၀၂၈ အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲဝင်ခွင့်ရရှိသည့် အသင်းများအဖြစ် အိမ်ရှင်အမေရိကန်အသင်းနှင့်အတူ ဂျပန်အသင်း၊ ကျူးဘားအသင်း၊ ဘရာဇီးအသင်းတို့က ဝင်ခွင့်ရရှိထားကြောင်းသိရသည်။

Ref : Volleyball World
Trs : STA

# UFC အဖွဲ့ချုပ်က UFC ပြိုင်ပွဲများတွင် ဒူးဆစ်ဘေးစောင်းကန်မှုကို တားမြစ်ရန်ပြင်ဆင်



**ဝါရှင်တန် စက်တင်ဘာ ၂၁**

UFC အဖွဲ့ချုပ်က UFC ပြိုင်ပွဲများတွင် ပြိုင်ဘက်ဖိုက်တာ၏ ဒူးဆစ် ဘေးစောင်းကန်မှုကို တားမြစ်ရန်အတွက် ပြင်ဆင်နေကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ UFC အဖွဲ့ချုပ်က ကျင်းပနေသည့် UFC ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်ဖိုက်တာများကို ခြေကန်ချက်များအတွက် တစ်စုံတစ်ရာတားမြစ်ထားခြင်းမရှိသော်လည်း ယခုအခါလာမည့်ပြိုင်ပွဲများတွင် ပြိုင်ဘက်ဖိုက်တာ၏ ဒူးဆစ် ဘေးစောင်းကန်မှုကို တားမြစ်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

စက်တင်ဘာ ၁၈ ရက်က UFC 331 ပြိုင်ပွဲအပြီးတွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အစိုးရလက်အောက်ရှိ အားကစားပြိုင်ပွဲကြီးကြပ်ရေး အဖွဲ့ဖြစ်သည့် California State Athletic Commission (CSAC)၏ ဒါရိုက်တာ အန်ဒီဖော်စတာက UFC ပြိုင်ပွဲများတွင် ပြိုင်ဘက်ဖိုက်တာ၏ ဒူးဆစ်ကို ပြင်းပြင်းထန်ထန် ဘေးစောင်း ကန်မည်ဆိုပါက ပြိုင်ဘက် ဖိုက်တာအနေဖြင့် ဒူးအရွတ်တွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိနိုင်ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရနိုင်သည်ထိ ဖြစ်လာနိုင်သည့်အတွက် တားမြစ်ပိတ်ပင်ရန် UFC အဖွဲ့ချုပ်နှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် UFC အဖွဲ့ချုပ်နှင့် အန်ဒီဖော်စတာတို့ကြား ဆွေးနွေးမှုများ လုပ်ဆောင်နေဆဲဖြစ်ပြီး တားမြစ်ပိတ်ပင်ရန် ရှိ၊ မရှိကို UFC အဖွဲ့ချုပ်ဘက်မှ အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Source Boxing
Trs : STA

# အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၂၁**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး ပြိုင်ပွဲအုပ်စု (F) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲက မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ကစားခဲ့ရာဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် အကောင်းဆုံး အုပ်စု တတိယအသင်းအဖြစ် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိနေသည့် မြန်မာအသင်းက အကောင်းဆုံး ဖိအားပေးကစားခဲ့ကာ ဂိုးပေါက်ကန်သွင်းမှု လေးကြိမ် ပြုလုပ်ခဲ့သော်လည်း အဆုံးသတ်ပိုင်း လိုအပ်ချက်များကြောင့် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု(F) အခြားပွဲစဉ်အဖြစ် တောင်ကိုရီးယားအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အုပ်စုပွဲစဉ်အားလုံး ပြီးဆုံးချိန်တွင် မြောက်ကိုရီးယားအသင်းက ဂိုးကွာခြားချက်အသာ ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ တောင်ကိုရီးယားအသင်း က ရမှတ်ခုနစ်မှတ်ဖြင့် ဒုတိယ၊ မြန်မာအသင်းက ဂိုးကွာခြားချက် ရမှတ်တစ်မှတ်ဖြင့်တတိယ၊ ဘင်္ဂလားဒေ့ရှ်အသင်းက ရမှတ်တစ်မှတ်ဖြင့် စတုတ္ထနေရာ၌ အသီးသီး ရပ်တည်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စု သုံးပွဲတွင် တောင်ကိုရီးယားအသင်းကို ငါးဂိုး ဂိုးမရှိ၊ မြောက်ကိုရီးယား အသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် အသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **STA**

# အလွတ်တည်ကန်ဘော (Free Kick) သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ဘရာဇီးဂန္ထဝင်ကစားသမား ဂျူရာကိုကျော်ဖြတ်ပြီး အင်တာမီယာမီအသင်းမှ မက်ဆီဒုတိယနေရာရောက်ရှိ

**မီယာမီ စက်တင်ဘာ ၂၁**

ဘောလုံးလောက၌ အလွတ်တည်ကန်ဘော(Free Kick)သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် အင်တာမီယာမီအသင်း တိုက်စစ်ကစားသမား မက်ဆီသည် ဘရာဇီးဂန္ထဝင် ကစားသမားတစ်ဦးဖြစ်သည့် ဂျူရာကိုကျော်ဖြတ်ပြီး ဒုတိယနေရာသို့ရောက်ရှိလာခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



မေဂျာလိဂ်ပြိုင်ပွဲအဖြစ် ယနေ့ နံနက်ပိုင်းက ကစားခဲ့သည့် အင်တာမီယာမီအသင်းနှင့် ဆန်ဒီယာဂိုအသင်းတို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် မက်ဆီက ပွဲချိန် ၂၄ မိနစ်တွင် အလွတ်တည်ကန်ဘော(Free Kick) မှတစ်ဆင့် သွင်းဂိုးတစ်ဂိုး သွင်းယူခဲ့ပြီးနောက် အလွတ်တည်ကန်ဘော(Free Kick)သွင်းဂိုး ၇၅ဂိုးထိ ရှိလာခဲ့ကာ ဂျူရာကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်ပြီး ဒုတိယနေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အလားတူ အလွတ်တည်ကန်ဘော(Free Kick)သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ၇၈ဂိုးဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေသည့်ဘရာဇီးဂန္ထဝင် ကစားသမားတစ်ဦးဖြစ်သည့် ကာရီရိုကာကိုလိုက်မီနိုင်ရန် သုံးဂိုးသာလိုအပ်နေခြင်းဖြစ်သည်။

အလွတ်တည်ကန်ဘော (Free Kick)သွင်းဂိုး အများဆုံးကစားသမားစာရင်းတွင် ကာရီရိုကာက ၇၈ ဂိုး၊ မက်ဆီက ၇၅ ဂိုး၊ ဂျူရာက ၇၄ ဂိုး၊ ဘရာဇီးကစားသမားများဖြစ်သည့် ဒီနာမိတီက ၇၃ ဂိုး၊ ဂျူနင်ဟိုက ၇၂ ဂိုးဖြင့်အသီးသီး ရပ်တည်နေကြောင်းသိရသည်။

Ref : 365 Scores
Trs : STA

# လယ်ယာကဏ္ဍကို အခြေခံထားတဲ့ လုပ်ငန်းစဉ်တွေကနေပြီး စက်မှုလုပ်ငန်းတွေ၊ ရောင်းဝယ်ရေးလုပ်ငန်းစဉ်တွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေကို ဆက်စပ်ပြီး အကောင်အထည်ဖော်သွားမယ်ဆိုရင် နိုင်ငံ့စီးပွားရေး တိုးတက်လာမယ်လို့ မျှော်မှန်းပါတယ်

ဦးနိုင်နိုင်(တောင်သူ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး)



ဒေါက်တာမျိုးမင်းကြည်ဝင်း



ဦးသူရိန်



ဦးစိုးသန်း



ဒေါ်ခိုင်ခိုင်နွယ်



ဦးနိုင်နိုင်

"လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ စကားဝိုင်းဆွေးနွေးပွဲများနှင့် Panel Session အလိုက် ဆွေးနွေးပွဲများဖြင့် ကျင်းပလျက်ရှိရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် ကဏ္ဍအလိုက် တတ်သိပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်သွားကြမည့်အစီအမံများကို မေးမြန်းရေးသားဝေမျှလိုက်ရပါသည်-

**ဒေါက်တာမျိုးမင်းကြည်ဝင်း**
**(ဦးဆောင်ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**

ဒီနေ့အခမ်းအနားကိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ ထုတ်ကုန်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍအပြင် စိုက်ပျိုးရေး မွေးမြူရေးကို အခြေခံတဲ့ စက်မှုလုပ်ငန်းတွေဖြစ်တဲ့ Agro-based Industry တွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ကျင်းပခြင်းဖြစ်ပါတယ်။ နောက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေရရှိဖို့၊ နည်းပညာတွေ တိုးတက်ရရှိစေဖို့နဲ့ ပြည်ပပို့ကုန်တွေ ပိုပြီးတိုးတက်ထုတ်လုပ်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့လည်း ကျင်းပပြုလုပ်ခြင်း ဖြစ်ပါတယ်။ စကားဝိုင်းဆွေးနွေးပွဲမှာတော့ ဒုတိယဝန်ကြီးတွေ ဦးဆောင်ပြီး UMFCCI ရော ပုဂ္ဂလိကလုပ်ငန်းရှင်တွေပါ စုစုပေါင်းကိုးဦး ပါဝင်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒီစကားဝိုင်းဆွေးနွေးပွဲပြီးရင်တော့ နေ့လယ်ပိုင်းမှာ Panel Session ခြောက်ခုနဲ့ ဆွေးနွေးမှုတွေ ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီ Panel Session ခြောက်ခုမှာတော့ နိုင်ငံ့ထုတ်ကုန်တိုးမြှင့်ဖို့အတွက် လယ်ယာကဏ္ဍ အဓိကသီးနှံတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုသီးနှံတွေ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးကဏ္ဍထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်း၊ ဘဏ္ဍာရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်ရေးနဲ့ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကြံပြုထားတဲ့ စာတမ်း စုစုပေါင်း ၈၆ စောင်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီဆွေးနွေးမှုကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေအပေါ် အခြေခံပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အစိုးရပိုင်းကလည်း စီးပွားရေးဝန်းကျင်ကောင်းတွေ ဆောင်ရွက်ပေးနေသလို ပုဂ္ဂလိကလုပ်ငန်းရှင်တွေကလည်း မူဝါဒတွေ၊ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ UMFCCI လို အသင်းအဖွဲ့တွေ၊ ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေနဲ့ အစိုးရအဖွဲ့အစည်းတွေ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်တဲ့ Public Private Partnership ပုံစံက တော်တော်အရေးကြီးပါတယ်။ ဒါတွေ လုပ်နိုင်မှပဲ နည်းပညာမြင့်ထုတ်လုပ်မှုတွေကို တက်လှမ်းပြီး ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**ဦးသူရိန်**
**(ဥက္ကဋ္ဌ၊ နေပြည်တော် MSME Association )**

ဒီနေ့အခမ်းအနားဟာ နိုင်ငံတော်အတွက် အတိုင်းထက်အလွန် အကျိုးရှိပါတယ်။ အခမ်းအနားကျင်းပဖို့ ပြင်ဆင်နေတဲ့ ကာလကတည်းက ကျွန်တော်တို့ လာရောက် ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပါတယ်။ အရင်တုန်းကဆိုရင် သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုတည်းကပဲ အဓိကထား ဆောင်ရွက်တာဖြစ်ပေမယ့် အခုပွဲကတော့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနဲ့ MSME ၊ သမဝါယမနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနအားလုံး ပါဝင်ပူးပေါင်းပြီး နိုင်ငံ့စီးပွားမြှင့်တင်ရမယ့် ပွဲကြီးဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် မရှိမဖြစ်လိုအပ်တဲ့ ပွဲဖြစ်ပြီး Government Sector၊ Private Sector၊ Public Sector အားလုံး ပူးပေါင်း ဆောင်ရွက်ရမယ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာ ဖြစ်ပါတယ်။ ဒီလို ပွဲမျိုးကို ပုံမှန်တစ်နှစ်တစ်ကြိမ်လောက် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပစေချင်ပါတယ်။

ဒီလို ဆွေးနွေးပွဲကနေပြီး စိုက်ပျိုးထုတ်လုပ်သူတွေ၊ မွေးမြူထုတ်လုပ်သူတွေ၊ ကုန်ကြမ်းကနေ တန်ဖိုးမြှင့်ထုတ်လုပ်သူတွေနဲ့ ဝန်ဆောင်မှုကဏ္ဍက လူတွေအားလုံးမှာ လက်ရှိကြုံတွေ့နေရတဲ့ အကျပ်အတည်းတွေကို နိုင်ငံတော်အကြီးအကဲက ရှင်းပြပေးခဲ့ပါတယ်။ Buy side နဲ့ Sell side အပြန်အလှန်သဘောတရားအရ ထုတ်လုပ်မှုနဲ့ supply နည်းပြီး demand များတဲ့အခါ ကုန်ဈေးနှုန်းကြီးတာကို အများနားလည်အောင် ရှင်းပြပေးခဲ့တဲ့အတွက် နောက်ပိုင်းမှာ အားလုံးက တာဝန်သိစိတ်နဲ့ ပူးပေါင်းဆောင်ရွက်ထုတ်လုပ်ရမယ်ဆိုတာ သိသွားကြပါပြီ။ ဆွေးနွေးပွဲက ထွက်လာမယ့် result တွေနဲ့ သုံးသပ်ချက်တွေကို ခြုံငုံပြီးရင် ဘယ်အရွေ့ကို သွားမလဲဆိုတာ ပေါ်လွင်လာမှာ ဖြစ်ပါတယ်။

တောင်သူတွေ အနေနဲ့ကတော့ ကုန်ကြမ်းထွက်လာတဲ့အချိန်မှာ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်တဲ့ စွမ်းအားတွေနည်းပါးတဲ့အတွက် ပြည်ပကို ကုန်ကြမ်း (raw) အနေနဲ့ပဲ ပို့နေရပါတယ်။ မြေပဲ၊ နှမ်းနဲ့ ပဲတွေ ပြည်ပပို့တဲ့အခါ အရည်အသွေး (quality) ကျဆင်း လာတာတွေ၊ နှမ်းကို ဆီအနေနဲ့မကြိတ်ဘဲ ပြည်ပကို ကုန်ကြမ်းအတိုင်း ပို့တာတွေကို နိုင်ငံတော် အကြီးအကဲက မီးမောင်းထိုးပြခဲ့တဲ့အတွက် တောင်သူတွေရော ဆီစက်လုပ်ငန်းရှင်တွေပါ ဘယ်လိုလုပ်ရမလဲဆိုတာ ပိုပြီး ကွက်ကွက်ကွင်းကွင်း မြင်လာပါပြီ။ ဒါကြောင့် ကုန်ကြမ်းကို ပြည်ပပို့တာထက် ကုန်ချောပို့နိုင်တဲ့အဆင့်အထိ ကြိုးစားဆောင်ရွက်ဖို့ လိုပြီဆိုတာကို ပြည်သူတွေရော ထုတ်လုပ်သူတွေပါ သိရှိသွားမှာ ဖြစ်ပါတယ်။

MSME ကဏ္ဍနဲ့ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲပြောကြားချက်ထဲမှာ ပါတဲ့ "ထုတ်လုပ်နိုင်တာထက် ရောင်းနိုင်တဲ့ ထုတ်ကုန်ဖြစ်အောင်လုပ်ဖို့နဲ့ ရောင်းနိုင်တာထက် တန်ဖိုးမြှင့်တဲ့ ထုတ်ကုန်ဖြစ်အောင်လုပ်ဖို့" ဆိုတဲ့ စကားလေးကို အလွန်သဘောကျပါတယ်။ ကုန်ကြမ်းရောင်းနေတာထက် ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရင် တန်ဖိုးတွေ မြင့်လာပြီး GDP လည်း တက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးတောင်သူတွေအနေနဲ့လည်း ပုံမှန်ထုတ်လုပ်နိုင်စွမ်းထက် ပိုပြီးထုတ်လုပ်ရမယ်၊ သီးနှံအရည်အသွေးတွေ ပိုမြင့်အောင်ထုတ်လုပ်ခြင်းအားဖြင့် တောင်သူတွေရဲ့ ဝင်ငွေတွေလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။

**ဦးစိုးသန်း (အတွင်းရေးမှူး၊ ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ပေါက်ခေါင်းမြို့နယ်)**

ကျွန်တော့်အနေနဲ့လက်ရှိမှာ ကြံဧက ၂၀ လောက် စိုက်ပျိုးထားပါတယ်။ ကြံသီးနှံကို အနှစ် ၃၀ လောက် အစဉ်အဆက် စိုက်ပျိုးလာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု လက်ရှိစိုက်ပျိုးတဲ့ အနေအထားက တဖြည်းဖြည်းကြာလာတော့ အထွက်နှုန်းတွေ လျော့ကျလာပါတယ်။ ဒီလိုလျော့ကျလာတော့ မြေဩဇာဈေးနှုန်းတွေ ကြီးမြင့်မှုနဲ့ စိုက်စရိတ်ကုန်ကျတာတွေ များလာပါတယ်။ ဒီအတွက် စက်ရုံတွေရဲ့ ဝယ်ယူမှုဈေးကွက်နဲ့ ကျွန်တော်တို့ စိုက်ပျိုးတဲ့ အခြေအနေအရ အကျိုးအမြတ်နည်းလာတာပေါ့။ ဒါကြောင့် ဒီနေ့ လယ်ယာကဏ္ဍ၊ သီးနှံကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲမှာ ကျွန်တော်တို့ အခက်အခဲတွေ ဖြေရှင်းနိုင်ဖို့အတွက် တက်ရောက်လာတာ ဖြစ်ပါတယ်။

ဒီနေ့ကျင်းပတဲ့ အခမ်းအနားကြီးမှာ ဆွေးနွေးပွဲတွေလည်း ပါဝင်တယ်လို့ သိရပါတယ်။ ပညာရှင်တွေက နိုင်ငံတော်အဆင့် ဆွေးနွေးကြတာဆိုတော့ သကြားစက်ရုံတွေရော၊ ကျွန်တော်တို့ တောင်သူတွေပါ အကုန်လုံးတစ်ဦးနဲ့တစ်ဦး ညီညွတ်မျှတတဲ့ အကျိုးခံစားခွင့်တွေ ရရှိမယ်လို့ မျှော်လင့်ပြီး တက်ရောက်လာကြတာ ဖြစ်ပါတယ်။ ဒီပွဲကရရှိတဲ့ ဗဟုသုတတွေအပြင် တောင်သူတွေအနေနဲ့လည်း နိုင်ငံတော်က ချမှတ်တဲ့မူဝါဒတွေနဲ့အညီ အထွက်နှုန်းတွေတိုးအောင် လိုက်နာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီပွဲကနေ ရရှိလာတဲ့ ဗဟုသုတနဲ့ အသိပညာတွေကိုလည်း တောင်သူတွေကို ပြန်လည်ပြီး မျှဝေပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်**
**(အထွေထွေအတွင်းရေးမှူးချုပ်၊ UMFCCI)**

ဒီနေ့အလုပ်ရုံဆွေးနွေးပွဲမှာ အဓိကသီးနှံ၊ စက်မှုသီးနှံ၊ စက်မှုကုန်ထုတ်၊ ဘဏ္ဍာရေး၊ ပို့ကုန်တိုးမြှင့်ရေးနဲ့ ရေထွက်ကုန်ဆိုပြီး ကဏ္ဍခြောက်ခုရှိပါတယ်။ အဲဒီကဏ္ဍခြောက်ခုစလုံးမှာ ကျွန်မတို့ကုန်သည်စက်မှုအသင်းချုပ် အနေနဲ့ စာတမ်း ၂၄ စောင် တင်သွင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ စာတမ်းတွေမှာ စာတမ်းရှင်က သူလုပ်ကိုင်တဲ့ လုပ်ငန်းရဲ့ ရှေ့ငါးနှစ် plan ကို ရေးဆွဲတင်ပြထားပါတယ်။ စာတမ်းရဲ့ ရည်ရွယ်ချက်၊ စာတမ်းရှင်ရဲ့ သက်ဆိုင်ရာ sector အလိုက် အကြံပြုချက်နဲ့ သုံးသပ်ချက်၊ ပြီးရင် ရှေ့လုပ်ငန်းစဉ်တွေ ပါဝင်ပါတယ်။ ရှေ့လုပ်ငန်းစဉ်မှာ ကာလတို၊ ကာလလတ်၊ ကာလရှည်ဆိုပြီး ခွဲခြားထားပါတယ်။ အဲဒီ သုံးသပ်ချက်တွေကို စုစည်းပြီး မနက်ဖြန်နေ့လယ်ပိုင်းမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေနဲ့အတူ ပြန်လည်ဆွေးနွေးနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံ့ထုတ်ကုန် GDP တိုးတက်ဖို့အတွက် အဓိကလယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး ဆက်စပ်နေတဲ့ အသင်းအဖွဲ့ကိုယ်စားလှယ်တွေ လာရောက်ဆွေးနွေးကြတာ ဖြစ်ပါတယ်။

ကျွန်မတို့ နိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် ထုတ်ကုန်တွေ တိုးတက်လာမယ်ဆိုရင် စိုက်ပျိုးရေးလုပ်တဲ့ တောင်သူလယ်သမားတွေရော သားငါး မွေးမြူရေးလုပ်ငန်းရှင်တွေပါ အကုန်လုံးအကျိုးရှိမှာ ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီး ဖန်တီးပေးနိုင်မှာဖြစ်သလို ဒီလိုထုတ်လုပ်မှုတိုးတက်အောင် လုပ်ခြင်းအားဖြင့် နိုင်ငံရဲ့ GDP လည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ရေရှည်မှာ ဒါတွေဖြစ်လာအောင် အားလုံးပူးပေါင်း လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ GDP တိုးတက်လာရင် စားဝတ်နေရေးလည်း အဆင်ပြေလာမယ်၊ ကုန်ဈေးနှုန်းတွေနဲ့ inflation (ငွေကြေးဖောင်းပွမှု) တွေလည်း ကျဆင်းသွားမှာ ဖြစ်ပါတယ်။ အားလုံးအတူတကွ ပူးပေါင်းလုပ်ဆောင်မယ်ဆိုရင် အောင်မြင်မှာ ဖြစ်ပါတယ်။

**ဦးနိုင်နိုင်**
**(တောင်သူ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး)**

ဒီနေ့အခမ်းအနားမှာ နိုင်ငံတော်သမ္မတကြီးက အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲရဲ့ ဦးတည်ချက်တွေ၊ ရည်မှန်းချက်တွေကို အဖွင့်မိန့်ခွန်းထဲမှာ ထည့်သွင်းပြောကြားသွားတာတွေ ရှိပါတယ်။ မိန့်ခွန်းထဲမှာပါတဲ့အတိုင်းသာ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုရင် ဒီဆွေးနွေးပွဲကနေ အကျိုးရလဒ်ကောင်းတွေ အများကြီးရရှိမယ်လို့ မျှော်မှန်းပါတယ်။ မြန်မာနိုင်ငံလို စိုက်ပျိုးရေးအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ လယ်ယာကဏ္ဍဟာ အဓိကကျတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ လယ်ယာကဏ္ဍကို အခြေခံထားတဲ့ လုပ်ငန်းစဉ်တွေကနေပြီး စက်မှုလုပ်ငန်းတွေ၊ ရောင်းဝယ်ရေးလုပ်ငန်းစဉ်တွေ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေကို ဆက်စပ်ပြီး အကောင်အထည်ဖော်သွားမယ်ဆိုရင် နိုင်ငံ့စီးပွားရေးတိုးတက်လာမယ်လို့ မျှော်မှန်းပါတယ်။ တောင်သူတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူတွေ လိုအပ်နေတဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုအပိုင်းတွေ၊ နည်းပညာအခက်အခဲတွေနဲ့ ရောင်းဝယ်လုပ်ငန်းစဉ်တွေ စတဲ့အပိုင်းတွေကို ဖြည့်ဆည်းပေးမယ်ဆိုရင် တောင်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒီဆွေးနွေးပွဲကနေပြီး တောင်သူတွေ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ။

တွေ့ဆုံမေးမြန်း-မျိုးဆက်သစ်
ဓာတ်ပုံ- ကိုကြီးထိန်

# နိုင်ငံ့စီးပွားမြှင့်တင်နိုင်မည့် ဆီထွက်သီးနှံ နှမ်း

စိုးမိုးဝင်း(စိုက်ပျိုးရေး)

နှမ်းသည် မြေပဲပြီးလျှင် ဆီကို ဒုတိယအများဆုံး ထုတ်ပေးနိုင်ရုံသာမက တောင်သူများအတွက် ဝင်ငွေများစွာရစေနိုင်သော ဆီထွက်သီးနှံဖြစ်သည်။ ထို့ပြင် နှမ်းသည် ရှေးယခင်ကတည်းကပင်ပြည်တွင်း ဆီဖူလုံမှုကို အထောက်အကူပြုရုံသာမက နိုင်ငံတကာဈေးကွက်တွင်ပါ ခိုင်မာသောဝယ်လိုအားဖြင့် ရပ်တည်နေသည့် ပို့ကုန်အလားအလာမြင့်မားသော သီးနှံတစ်မျိုးဖြစ်သည်။ နိုင်ငံတော်မှ သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ နှမ်းသည် တောင်သူဦးကြီးတို့၏ စီးပွားမြင့်မားရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့အတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ သို့သော် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများသာမက ကုန်သည်ပွဲစားများ၊ ကြိတ်ခွဲထုတ်လုပ်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးပညာရှင်များအားလုံး တစ်စိတ်တစ်ဝမ်းတည်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှသာ မြန်မာ့နှမ်းကဏ္ဍ အောင်မြင်မှုဆီသို့ ရောက်ရှိနိုင်ပေမည်။

**မြန်မာ့နှမ်း**

မြန်မာနိုင်ငံတွင် နှမ်းကို ရာသီဥတုနှင့် ရေရရှိမှုအပေါ်မူတည်၍ နွေနှမ်း၊ မိုးနှမ်း၊ ဆောင်းနှမ်း ဟူ၍ သုံးကြိမ်စိုက်ပျိုးကြသည်။ နှမ်းစိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် အခြေခံစိုက်ပျိုးရေး နည်းပညာတူညီသော်လည်း နှမ်းစိုက်ပျိုးသည့်ဒေသရှိ ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေများအပေါ်မူတည်၍ အထွက်နှုန်းများ ကွဲပြားခြားနားသည်။

**မျိုး**

နှမ်းမျိုးရွေးချယ်ရာတွင် စိုက်ပျိုးမည့်ဒေသရှိ ရေ၊ မြေ၊ ရာသီဥတု၊ ပတ်ဝန်းကျင်အခြေအနေတို့နှင့် သင့်တော်ပြီး အထွက်နှုန်းကောင်း၍ ဈေးကွက်ရှိသော မျိုးကောင်းမျိုးသန့်ကိုသာ ရွေးချယ်စိုက်ပျိုးသင့်သည်။ ရေငတ်ဒဏ်ခံနိုင်သော ဆင်းရတနာ(၃)၊ ဆင်းရတနာ (၅)၊ မကွေး (၇၊ ၉)၊ စုပ်ပိုးနှင့်နှမ်းဖိုရောဂါဒဏ်ခံနိုင်သော ဆင်းရတနာ(၄)၊ ကိုင်းပိုမိုဖြာထွက်သော ဆင်းရတနာ (၂)၊ သက်တမ်းတိုသော မိတ္ထီလာမျိုးတို့အပြင် ဆင်းရတနာ (၁၂)၊ ဆင်းရတနာ (၁၄)၊ မကွေး(၁၊ ၁၃)၊ နှမ်းနက် စသည့်မျိုးများအနက် ဒေသနှင့်ကိုက်ညီသောမျိုးကိုသာ ဦးစားပေးရွေးချယ်စိုက်ပျိုးသင့်သည်။ မျိုးစေ့နှုန်းထားအနေဖြင့် တစ်ဧကအပင်ရေ တစ်သိန်းခန့်ဝင်စေရန် တစ်ပြည်မှ တစ်ပြည်ခွဲ အသုံးပြုသင့်သည်။

**မြေ**

နှမ်းသည် ယေဘုယျအားဖြင့် လုံလောက်သော အစိုဓာတ်ကို ထိန်းသိမ်းထားနိုင်ရန် ရေသွင်းရေထုတ်ကောင်းမွန်သော သဲဆန်မြေကို နှစ်သက်သည်။ မြေပြုပြင်ရာတွင် မိုးနှမ်းအတွက် ထွန်ရေးအလွန်ညက်၍ အပေါ်ယံမြေခြောက်သွေ့ပြီး အဆင်သင့်ဖြစ်နေချိန်ကို ရွေးချယ်စိုက်ပျိုးရမည်။ ဆောင်းနှမ်းအတွက်မူ စပါးရိတ်သိမ်းပြီးသည်နှင့် မြေအစိုဓာတ်မကုန်ဆုံးမီ အချိန်နှင့်တစ်ပြေးညီ ထွန်ရေးအမြန်ပြင်၍ အချိန်မီ မျိုးစေ့ချရသည်။ နွေနှမ်းတွင်မူ မြေအလွန်ခြောက်သွေ့နေလျှင် အရင်ဆုံး ရေသွင်း၊ ရေဖျန်းပြီးမှ နှမ်းမျိုးစေ့ချကြရသည်။

မြေဆီလွှာ အာဟာရဓာတ်စီမံခန့်ခွဲမှုအနေဖြင့် နှမ်းစိုက်ပျိုးရာတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရန် သဘာဝမြေဩဇာကို ပိုမိုသုံးစွဲသင့်ပြီး အထွက်နှုန်းကောင်းရန်အတွက် မြေဆီလွှာအမျိုးအစားပေါ်မူတည်၍ စိုက်ပျိုးသည့်ရာသီတစ်လျှောက် သင့်တင့်မျှတသောဓာတ်မြေဩဇာများကို ကျွေးသင့်သည်။ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများကို မြေပြင်ချိန်တွင် နှစ်စဉ်ထည့်ပေးနိုင်လျှင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေကာ အထွက်နှုန်းတိုးနိုင်သည်။

**ရေ**

နွေနှမ်းစိုက်ရာတွင် ရေသွင်းပေးလျှင် အထွက်နှုန်း သိသာထင်ရှားစွာ တိုးနိုင်သည်။ အပင်ကြီးထွားချိန်နှင့် ပန်းပွင့်ချိန်တို့တွင် နှစ်ကြိမ်မှသုံးကြိမ် ရေသွင်းပေးရန် လိုအပ်သည်။



ဆီထွက်သီးနှံ နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**နည်း**

နှမ်းစိုက်ပျိုးရာတွင် တစ်ပင်တိုင်မျိုးများအတွက် တန်းကြား၊ ပင်ကြား ၁၂ လက်မနှင့် လေးလက်မ၊ ကိုင်းဖြာမျိုးများအတွက် ၁၅ လက်မနှင့် လေးလက်မခြား စိုက်ပျိုးသင့်သည်။ သင့်တော်သော တန်းကြား၊ ပင်ကြား အကွာအဝေးအတိုင်း စိုက်ပျိုးနိုင်လျှင် ပေါင်းနှိမ်နင်းရန် လွယ်ကူသည်။ ပိုးမွှားရောဂါများသည်လည်း နှမ်းအထွက်နှုန်းကို ထိခိုက်စေသည့်အတွက် သတိပြု၍ ကြိုတင်ကာကွယ်နှိမ်နင်းရမည်။ ယင်ဖြူ၊ ရွက်လိပ်၊ ဖြုတ်ညို၊ ဖြုတ်စိမ်း၊ နှမ်းဖလံနှင့် နှမ်းစေ့စုပ်ပိုးများကျရောက်တတ်ပြီး ရောဂါအနေဖြင့် နှမ်းပင်ညှိုးရောဂါ၊ နှမ်းဖိုရောဂါ၊ အမြစ်နှင့် ပင်စည်ပုပ်ရောဂါများ ကျရောက်တတ်သည်။ မျိုးစေ့ဆောင်ရောဂါများကြောင့် အပင်ငယ်စဉ်တွင် မှိုရောဂါကျရောက်မှုမှ ကာကွယ်ရန် မစိုက်မျိုးမီ မျိုးစေ့ကို မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်ပြီးမှစိုက်ပျိုးသင့်သည်။

နှမ်းစိုက်ပျိုးစဉ်အတွင်း ပေါင်းကာကွယ်နှိမ်နင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ ရေပေးသွင်းခြင်း၊ မြေဩဇာကျွေးခြင်းတို့သည် အရေးကြီးသကဲ့သို့ ရိတ်သိမ်းရာတွင်လည်း အလေအလွင့်မရှိစေဘဲ မှိုမဝင်အောင် ဂရုစိုက်ရမည်။ ရှေးယခင်က ပြုလုပ်နေကျနှမ်းအပုပ်ခံခြင်းကို လုံးဝမလုပ်သင့်ပေ။ နှမ်းသီးတောင့်များကွဲပြီး အစေ့များကြွေကျမှုကို ကာကွယ်ရန် နှမ်းပင်များမခြောက်မီ ရိတ်သိမ်းရမည်။ ရိတ်သိမ်းပြီးနှမ်းများကို စုပုံထားလျှင် Free Fatty Acid များ ပါဝင်နိုင်သောကြောင့် စည်းထောင်နည်းစနစ်ကို အသုံးပြုသင့်သည်။ ရိတ်သိမ်းပြီး နှမ်းများကို တလင်းပြင်တွင် ငါးရက်မှခုနစ်ရက်ထိ အစည်းလိုက်ထောင်၍ နေလှန်းထားရမည်။ ထို့နောက် စောင်နှင့်မိုးကာပလတ်စတစ်များပေါ်တွင် နှမ်းရိုးများကိုလှုပ်ခါပြီး အစေ့ခြွေ၍သန့်စင်ကာ အစိုဓာတ်ခြောက်ရာခိုင်နှုန်းရှိအောင် နေလှန်းပြီးမှ ပုံးထဲထည့်၍ အလုံပိတ်ကာ သိုလှောင်သင့်သည်။

**ပေါင်ကြီးတင်စနစ်ဖြင့် နှမ်းစိုက်နည်း**

ယနေ့ကာလတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးများလွန်းခြင်း၊ မိုးခေါင်ခြင်းများ ဖြစ်ပေါ်လျက်ရှိရာ နှမ်းစိုက်ပျိုးရာတွင် သီးနှံပျက်စီးဆုံးရှုံးမှုကို ရာနှုန်းပြည့်ကာကွယ်ပေးနိုင်ပြီး အထွက်နှုန်းကို အနည်းဆုံး ၃၀ ရာခိုင်နှုန်းခန့်ထိ ပိုမိုထွက်စေနိုင်သောနည်းလမ်းမှာ ပေါင်ကြီးတင်စနစ်ဖြင့် နှမ်းစိုက်ပျိုးနည်းဖြစ်သည်။ ထိုသို့ စိုက်ပျိုးခြင်းဖြင့် မိုးများချိန်တွင် ရေဝပ်ခြင်း၊ အမြစ်ပုပ်ခြင်းတို့မှ လုံးဝကင်းဝေးသည်။ မိုးခေါင်လျှင် အစိုဓာတ်ကို ထိန်းသိမ်းပေးနိုင်ပြီး အပင်ကိုဆက်လက်ရှင်သန်စေနိုင်သည်။ ထို့ပြင် ပေါင်ပေါ်တွင် အတန်းလိုက်စိုက်ပျိုးခြင်းသည် အပင်များအတွက် အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်စေပြီး ပေါင်းမြက်နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ရိတ်သိမ်းခြင်းတို့တွင် အပင်များကိုမထိခိုက်စေဘဲ အလွယ်တကူ ဆောင်ရွက်နိုင်သည်။ တစ်ဧက နှမ်းအထွက်နှုန်း တိုးတက်စေရန် သမားရိုးကျစိုက်ပျိုးနည်းမှ ပေါင်ကြီးတင်စိုက်နည်းစနစ်ကို မဖြစ်မနေပြောင်းလဲကျင့်သုံးသင့်သည်။

**ကြိတ်ခွဲထုတ်လုပ်မှု**

နှမ်းကို ကုန်ကြမ်းအတိုင်းရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍသည် ကုန်သွယ်မှုကဏ္ဍအတွက် အလွန်အရေးပါသည်။ ပြည်တွင်း၌ ရိုးရာဆီဆုံများ၊ စက်ငယ်များဖြင့် ကြိတ်ခွဲမှုများရှိသကဲ့သို့ ပြည်ပပို့ကုန် စံချိန်စံညွှန်းမီစေရန် ယခုအခါခေတ်မီအရောင်ရွေးစက်များ၊ အခွံချွတ်စက်များကို အသုံးပြု၍ သန့်စင်ထုတ်လုပ်မှုများ မြင့်မားလာနေပြီဖြစ်သည်။

နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် နှမ်းစေ့များတွင် အယ်လ်ဖာတောက်ဆင် မှိုဆိပ်ကင်းစင်ရန်နှင့် ဓာတုပိုးသတ်ဆေးကြွင်းကျန်မှုမရှိစေရန် အထူးဂရုပြုရမည်ဖြစ်သည်။ ထို့ပြင် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးစနစ်၊ ကောင်းမွန်သောထုတ်လုပ်မှု အလေ့အကျင့်ကောင်းများစနစ်ဖြင့် စံချိန်စံညွှန်းဆိုင်ရာ လက်မှတ်ရအဆင့်မြင့်စက်ရုံများ ပေါ်ထွန်းလာရေး ဆောင်ရွက်ရမည်။ နှမ်းဆီကြိတ်ပြီးနောက် ရရှိလာသည့် "နှမ်းဖတ်"များကိုလည်း တိရစ္ဆာန်အစာအဖြစ် စနစ်တကျပြန်လည်အသုံးပြုခြင်းဖြင့် ဘေးထွက်ပစ္စည်းမှ တန်ဖိုးမြှင့်ဝင်ငွေများရရှိနိုင်အောင် ကြိုးစားဆောင်ရွက်ကြရမည်။

**ပြည်တွင်း၊ ပြည်ပစားသုံးမှု**

နှမ်းသည် ကျန်းမာရေးနှင့်ညီညွတ်သော ကောက်ပဲသီးနှံအဖြစ် ကမ္ဘာတစ်ဝန်းတွင် ဝယ်လိုအား တည်ငြိမ်စွာမြင့်မားလျက်ရှိသည်။ ပြည်တွင်းစားသုံးမှုအနေဖြင့် မြန်မာနိုင်ငံတွင် နှမ်းဆီကို အရည်အသွေးမြင့်ဟင်းချက်ဆီအဖြစ် စားသုံးကြသည်။ နှမ်းစေ့ကိုမူ ရိုးရာမုန့်ပဲသရေစာများ၊ အကြော်အလှော်များ စသည့်စားသောက်ကုန်လုပ်ငန်းများတွင် အနံ့အရသာအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပြီး နှမ်းယို၊ နှမ်းဖတ်၊ နှမ်းလှော်များအဖြစ်လည်း ပြုလုပ်စားသုံးကြသည်။

ပြည်ပပို့ကုန်ဈေးကွက်တွင် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် မြန်မာ့နှမ်းကို အဓိကဝယ်ယူအားပေးသည့်နိုင်ငံများဖြစ်သည်။ ဂျပန်နိုင်ငံသည် အဆင့်မြင့် နှမ်းနက်ကို ကျန်းမာရေးဖြည့်စွက်စာနှင့် ဆေးဝါးလုပ်ငန်းများအတွက် အထူးနှစ်သက်စွာဝယ်ယူလျက်ရှိပြီး တရုတ်နိုင်ငံကမူ နှမ်းဆီထုတ်လုပ်ရန်နှင့် စားသောက်ကုန်လုပ်ငန်းများအတွက် အမြောက်အမြား ဝယ်ယူလျက်ရှိသည်။ ထို့ပြင် ဥရောပနှင့်အမေရိကဈေးကွက်များတွင် ဟမ်ဘာဂါနှင့်မုန့်ဖုတ်လုပ်ငန်းများအတွက် အခွံချွတ်နှမ်းဖြူနှင့် သဘာဝအတိုင်း စိုက်ပျိုးထားသော အော်ဂဲနစ်နှမ်းများ၏ ဝယ်လိုအားသည် စဉ်ဆက်မပြတ် တိုးတက်နေသည်ကို တွေ့ရှိရသည်။

မြန်မာ့နှမ်းသီးနှံသည် ပြည်တွင်းဆီဖူလုံရေးကို အထောက်အကူပြုရုံသာမက နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေမည့် မဟာဗျူဟာမြောက် ပို့ကုန်သီးနှံတစ်ခုဖြစ်သည်။ သို့ဖြစ်ရာ နှမ်းအထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးတောင်သူများအနေဖြင့် ခေတ်မီစိုက်ပျိုးနည်းစနစ်ဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)ကို လိုက်နာကျင့်သုံးရန်လိုအပ်သကဲ့သို့ ကြိတ်ခွဲထုတ်လုပ်သူများအနေဖြင့်လည်း နိုင်ငံတကာ စံချိန်စံညွှန်းမီ အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားကြရမည်။ သို့မှသာ လယ်ယာကဏ္ဍမှတောင်သူဦးကြီးများ၊ ကုန်သည်ပွဲစားများနှင့် ကြိတ်ခွဲထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့နှမ်းကဏ္ဍသည် ကမ္ဘာ့ဈေးကွက်တွင် ရေရှည်ခိုင်မာစွာဖြင့် နေရာရရှိပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- FAO (Food and Agriculture Organization). (2023). World Sesame Seed Production and Cultivation Trends: Global Crop Statistics Database. Rome, Italy: Food and Agriculture Organization of the United Nations.
- မင်ဒယ်၊ ဘီစီ ၂၀၀၈၊ မြန်မာနိုင်ငံ၏ အဓိကနှစ်ချင်းဆီထွက်သီးနှံများလက်စွဲစာအုပ်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၊ ဌာနေကိုယ်စားလှယ်ရုံး၊ မြန်မာနိုင်ငံ။

# Nightfarer Production က စီစဉ်ထုတ်လုပ်သည့် အဲရစ်နှင့် နဖူးစာ(၅)စောင် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲပြုလုပ်



ရန်ကုန် စက်တင်ဘာ ၂၁

Nightfarer Production က စီစဉ်ထုတ်လုပ်သည့် အဲရစ်နှင့် နဖူးစာ(၅)စောင် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာ စေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဲရစ်နှင့် နဖူးစာ(၅)စောင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ဉာဏ်ထင်က ရေးသားထားပြီး ဒါရိုက်တာ ဉာဏ်ထင်ကပင် Nightfarer Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

"အချစ်ဇာတ်မြူးလေးပါပဲ။ ပေါ့ပေါ့ပါးပါး အချစ်ဇာတ်မြူးလေးကို သရုပ်ဆောင်အားကောင်းကောင်းနဲ့ သွက်သွက်မြူးမြူးလေး ပုံဖော်ရိုက်ကူးသွားမှာပါ" ဟု ဒါရိုက်တာ ဉာဏ်ထင်က ပြောပြသည်။

အဲရစ်နှင့် နဖူးစာ(၅)စောင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် နေထွဋ်၊ ဟင်နရီစံ၊ သိန်းလင်းစိုး၊ ရဲလှိုင်၊ ဝိလျံထွန်း၊ မင်းမြတ်စိုးစံ၊ အောင်ဇေယျမင်းထင်၊ ပန်းရောင်ခြယ်၊ ဖုန်းသီရိကျော်၊ ကိုကိုးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# တေးသံရှင် ဝေလ၊ ဂျီလတ်၊ နီနီခင်ဇော်တို့၏ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar တွင် ပြုလုပ်မည်




ရန်ကုန် စက်တင်ဘာ ၂၁

တေးသံရှင် ဝေလ၊ ဂျီလတ်၊ နီနီခင်ဇော်တို့၏ GOLDEN TRIO – OCTOBER LIVE တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ အောက်တိုဘာ ၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဝေလထံမှ သိရသည်။

GOLDEN TRIO – OCTOBER LIVE တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဝေလ၊ ဂျီလတ်၊ နီနီခင်ဇော်တို့၏ သီဆိုဖျော်ဖြေမှုများကို Mercury IX Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"THOR Bar ရဲ့ စင်မြင့်ထက်မှာ တစ်ခါမှ တွဲမဆိုဘူးကြတဲ့ ကျွန်တော်တို့ သုံးဦးရဲ့ Live show အစီအစဉ်ကို Mercury IX Music Band နဲ့အတူ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု တေးသံရှင် ဝေလက ပြောပြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar တွင် ပြုလုပ်မည့် တေးသံရှင် ဝေလ၊ ဂျီလတ်၊ နီနီခင်ဇော်တို့၏ GOLDEN TRIO – OCTOBER LIVE အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁ ရက် ညနေ ၆ နာရီ မိနစ် ၃၀ မှစတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# နေမမြင်အင်ပါယာ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလ ပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

ရန်ကုန် စက်တင်ဘာ ၂၁

SUNDAY Film Production က ရိုက်ကူးထုတ်လုပ်သည့် နေမမြင်အင်ပါယာ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလ ပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည် ဖြစ်ကြောင်း ဒါရိုက်တာ မီးပွားထံမှ သိရသည်။

အဆိုပါ နေမမြင်အင်ပါယာ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ဖရော်ဆန်၏ အောင်မြင်သည့် လုံးချင်းဝတ္ထုကို မိုးမိုးစောဝင်းက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မီးပွားက SUNDAY Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ စာရေးဆရာမ ဖရော်ဆန်ရဲ့ လုံးချင်းဝတ္ထုကို ရိုက်ကူးထားတာပါ။ အထည်ချုပ်စက်ရုံက အလုပ်သမလေးတွေရဲ့ ဘဝအမောတွေကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အထည်ချုပ်စက်ရုံမှာ သောကပေါင်းစုံနဲ့ ဘဝလမ်းဆုံးအောင် ရုန်းကန်နေရရှာတဲ့ ဘဝပေါင်းများစွာထဲက ပြေလည်လာပြီး ဘဝဟောင်းကို မေ့ချင်တဲ့ မိထူးနဲ့ လောကစံမှာ ကံမကောင်းမေ့ အမြဲတမ်းအဖြူထည်လို ရှင်သန်တဲ့၊ လူတကာကို ကူညီတတ်တဲ့ နှလုံးသားပိုင်ရှင် မကျော့တို့ နှစ်ယောက်ကို မြင်တွေ့ကြရမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ မီးပွားက ပြောပြသည်။

နေမမြင်အင်ပါယာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ဗညားဘုန်းပြည့်၊ နေ့သစ်အေးအောင်၊ ရဲလွင်ဦး၊ အေးမြတ်သူ၊ မြတ်သူသူ၊ သံသာညီ၊ ယွန်းမီမီသိမ့်၊ စိုးမိုးကြည်၊ ဆုထက်ကုဋေ၊ မေသက်ကျော်၊ ကလေးသရုပ်ဆောင် – သားချော၊ ကောင်းကင်ကိုကို၊ ရတီနွေဦးနှင့် အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Spider-Man: Brand New Day ဇာတ်ကား ပြည်တွင်းဝင်ငွေအများဆုံးအဖြစ် စံချိန်သစ်တင်

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂၁

ကမ္ဘာတစ်ဝန်းတွင် လူကြိုက်များသော Spider-Man: Brand New Day ရုပ်ရှင်ဇာတ်ကားသည် အမေရိကန်ပြည်တွင်း ဝင်ငွေအများဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

သောမတ်စ်ဟော်လန် ပါဝင်သရုပ်ဆောင်ထားပြီး ရုံတင်ပြသပြီးနောက် ရက်ပေါင်း ၄၇ ရက်အတွင်း ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၉၃၆ သန်း ၇၇ သန်းကျော် ရရှိခဲ့ပြီး ယခင် Star Wars: The Force Awakens ဇာတ်ကား၏စံချိန်ကို ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် ရုံတင်ပြသသည့် ပထမဆုံး အပတ်မှာပင် အမေရိကန်ဒေါ်လာ သန်း ၃၆၀ ဖြင့် အစောပိုင်း စံချိန်များကိုပါ ချိုးဖျက်နိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၅ ဘီလီယံထိ ရရှိထားကာ ရုပ်ရှင်သမိုင်းတစ်လျှောက် အမြင့်မားဆုံး ရုံတင်ဝင်ငွေရရှိသည့် ဇာတ်ကားအဖြစ်လည်း မှတ်တမ်းဝင်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : YZA



# MGA Entertainment ကုမ္ပဏီက Mirror Mi ရုပ်သံအစီအစဉ် မိတ်ဆက်ပြသ

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂၁

အစိုးရနှင့် ကော်ပိုရိတ်အဖွဲ့အစည်းများ၏ ဈေးကွက်ပြိုင်ဆိုင်မှုများ မြင့်တက်လာနေချိန်တွင် ကမ္ဘာကျော် အရုပ်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော MGA Entertainment သည် Mirror Mi အမည်ရှိ ဆန်းသစ်သော အရုပ်လိုင်းသစ်၊ ဖက်ရှင်နှင့် တေးသီချင်းများပါဝင်သည့် ရုပ်သံအစီအစဉ်ကို မိတ်ဆက်ပြသလိုက်ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ မိတ်ဆက်ပြသမှုတွင် ကလေးငယ်များနှင့် လူငယ်များ၏ စိတ်ခံစားချက် အမျိုးမျိုးကို ကိုယ်စားပြုသော ဒီဇိုင်းအသစ်များ၊ ဆန်းသစ်သည့် ဖက်ရှင်ပုံစံများနှင့်အတူ တေးသီချင်းများပါဝင်သည့် မာတီမီဒီယာအစီအစဉ်များကို တစ်ပါတည်း ထည့်သွင်းဖော်ပြထားရာ ကမ္ဘာတစ်ဝန်းရှိ ဖျော်ဖြေရေးနှင့် အရုပ်ဈေးကွက်အတွင်း စိတ်ဝင်စားမှု မြင့်တက်လျက်ရှိသည်။

L.O.L. Surprise! နှင့် Rainbow High ကဲ့သို့သော နာမည်ကျော် အရုပ်တံဆိပ်များကို ထုတ်လုပ်ခဲ့သည့် MGA Entertainment ၏ ယခုကဲ့သို့ ဖန်တီးမှုအသစ်သည် ခေတ်မီနည်းပညာများနှင့် ဖျော်ဖြေရေးကဏ္ဍတို့ကို ပေါင်းစပ်ထားပြီး ကမ္ဘာတစ်ဝန်းရှိ ပရိသတ်များကြား ရေပန်းစားလာမည့် အလားအလာရှိကြောင်း သိရသည်။

Ref : Russia Today
Trs : YZA



# President of the Republic of the Union of Myanmar U Min Aung Hlaing addresses national level workshop on "From Agricultural Sector Development to the Growth of National Products"



**President U Min Aung Hlaing addresses national level workshop on "From Agricultural Sector Development to the Growth of National Products."**

**Nay Pyi Taw September 21**

A national level workshop on **"From Agricultural Sector Development to the Growth of National Products"** took place at MICC-1 in Nay Pyi Taw this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present on the occasion were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union ministers and union level dignitaries, the Nay Pyi Taw Council chairman, region/state chief ministers, senior officers of the Office of the Commander-in-Chief, chairmen and secretaries of Huttaw permanent committees, the Nay Pyi Taw Command commander, deputy ministers, heads of department, chairman and members of Union of Myanmar Chambers of Commerce and Industry, resource persons of the relevant fields, invited guests and officials.

The President formally opened the workshop by pushing a digital button.

In his keynote address, the President said about 70 percent of the nation's population lives in rural areas and of them, over 50 percent are engaged in agricultural, meat and fish and forest sectors. It is assessed that approximately 30 percent of the population is living in poverty. The assessment highlights importance of raising rural income. But there will be an increase in rural income only if the country can produce value-added goods by systematically transforming agricultural and livestock sector for production growth. The title of today's workshop **"From Agricultural Sector Development to the Growth of National Products"** doesn't mean to develop only the agricultural sector; it is a policy **covering a series of activities** from agro-raw material to value-added goods, industries to manufacture them, and local consumption and export for **national production growth.**

When pursuing economic development in the modern world, merely developing individual sectors independently is insufficient. It needs value-adding of goods after strengthening interconnections among agricultural, industrial, services, financial and technological sectors and marketing.

The main question of today's workshop is not just **"how to increase agricultural output, but how to add value to the agricultural products and transform them into national products."**

As for Myanmar, agriculture is the most basic sector for food sufficiency, development of people's socioeconomic lives, rural development, and national economic growth. The agricultural sector not only produces food, but also supplies raw materials for the entire industrial sector. Hence, the development of the agricultural sector should not be seen only as an increase in the volume of agricultural production. The whole picture of the value chain starting from **production and raw materials to processing, value-adding, industries, domestic consumption and export** must be taken into account for its development.

Only through this action will the income of farmers be increased, followed by an increase in job opportunities, growth in domestic production, a rise in exports, that will lead to the overall development of the national economy.

The President said taking this opportunity, he would also like to present the strategic geographic positioning of Myanmar. In addition to its strategic local in Southeast Asia, Myanmar is situated between two most populous countries. Furthermore, the country lies in the Valeriepieris Circle, where over half of the global human population lives. It has good opportunities to extend its agricultural and livestock exports to the word's major food market and neighbouring countries. Myanmar shares a common land border with India with a population of over 1430 million and Bangladesh with a population of about 173 million in the west, and China with a population of 1410 million in the east. It has large stretches of fertile agricultural land and a favourable climate. Moreover, it has a long coastline and a large array of natural resources. All these are its advantages.

Therefore, it is necessary to effectively utilize the natural and geographical advantages available to the country, not only to ensure domestic food security but also to produce high-quality agricultural products and place emphasis on gaining access to regional and global markets. In doing so, it is important to recognize that economic development will not automatically result from having natural advantages alone. These advantages will benefit the national economy only when they are transformed into productivity, quality, technology, value-added production and market competitiveness.

At present, the rising prices of basic food commodities are a major challenge to the daily lives of the people. High commodity prices are mainly caused by two factors: an imbalance between production and consumption, and high production costs. They are also affected by high transport and other related expenses. To overcome this situation, it is necessary to significantly increase agricultural production to ensure adequate domestic food supplies and reduce commodity prices to levels affordable to the public. For example, the production of eggs, meat and fish is currently insufficient to meet domestic consumption.

Vietnam can be cited as an example. Although Vietnam has only about half the land area of Myanmar and twice the population, two-thirds of the country consists of hilly areas. Nevertheless, in the agricultural sector, Vietnam exports more than 8 million tonnes of rice, valued at over US$4 billion; more than 1 million tonnes of coffee, valued at over US$8 billion; and more than 0.24 million tonnes of pepper, valued at over US$1 billion.

Therefore, it is necessary for Myanmar to increase agricultural production. Agricultural products play an important role among Myanmar's major exports, with agricultural exports amounting to US$4.741 billion in the 2024-2025 financial year and US$3.743 billion in the 2025-2026 financial year.

If crops can be cultivated to achieve their targeted yields per acre, approximately US$4 billion in additional revenue could be generated. If cropping intensity can be increased nationwide, additional revenue of up to approximately US$12 billion could be generated. Therefore, it is necessary to transform the agricultural sector from a traditional production system to a modern, efficient and sustainable production system. As the agricultural sector develops, value-added products, as well as the industrial and service sectors, will also develop, creating more employment opportunities, increasing people's incomes and contributing to higher GDP. Therefore, promoting the agricultural sector is an important first step toward economic development and poverty reduction.

In developing the agricultural sector, it is necessary to regard food security, rather than economic benefits alone, as a fundamental policy. The current global population is around 8 billion and is projected to reach 10 billion by 2050, meaning that demand for food is certain to increase in the future. At the same time, global food security may face growing challenges due to geopolitical and economic instability, regional conflicts, disruptions to trade routes and agricultural supply chains, and climate change.

*See Page 13*



**President U Min Aung Hlaing visits an exhibition booth.**

*From Page 12*

Therefore, Myanmar is striving not only to ensure domestic food security but also to utilize its agricultural potential to become an important producer and exporter in regional and global food markets—in other words, to become one of **"the world's granaries"**. In particular, in the rice sector, efforts must be made to ensure sufficient domestic consumption while producing high-quality rice and exporting surplus production to international markets. To realize the goal of **"ushering Myanmar's Pawsan rice into a new era"**, improvements must be made not only in yield but throughout the entire value chain, including quality, standards, storage, milling, packaging and market linkages. Colour, appearance, aroma and taste are important factors in the market. If the crops produced have an attractive appearance and good aroma and taste, they will appeal to consumers and sales will increase. Similarly, in export markets, the basic principle of market competitiveness—**"If prices are the same, the product should be better; if the products are the same, the price should be lower"**—should be put into practice. Producers and sellers naturally seek to make profits. Rather than pursuing high profits, they should follow the above-mentioned principle and aim to sell larger volumes at lower profit margins. China began building its national wealth by adopting this approach.

Similarly, ensuring domestic edible oil security is directly related to the daily socioeconomic well-being of the people. Oilseed crops such as groundnut, sesame, sunflower, soybean and oil palm need to be systematically expanded and cultivated according to local conditions, with appropriate crop selection and targeted yields. In this regard, it is necessary to consider not only increasing production volumes but also **production costs and the purchasing power of the people.** According to a survey conducted by the Food and Fertilizer Technology Centre for the Asian and Pacific Region (FFTC-AP) among 220 households in Nay Pyi Taw in November 2021, a household spent 63 per cent of its monthly income on food, with rice and edible oil accounting for the largest shares of expenditure—17.75 per cent for rice and 13.16 per cent for edible oil. Therefore, people in lower-income groups have increasingly relied on relatively inexpensive palm oil for consumption. Although groundnut oil, sesame oil and sunflower oil are produced domestically, studies have found that these locally produced edible oils are not yet being fully utilized because production costs do not correspond with people's purchasing power and because market demand and domestic production are not in balance.

Therefore, it is necessary to seek and implement effective measures to boost the production of oilseed crops to meet domestic demand, reduce production costs, phase down palm oil imports, and ensure affordable prices for the public. Furthermore, the President said that he would like to urge everyone to collaborate and share constructive suggestions on methods that will bring both short-term and long-term benefits to the nation and its people.

If the majority of commercial agricultural outputs remain merely in their raw material stage, their potential for value creation will remain limited. Therefore, alongside the development of the agricultural sector, agro-based industries must be developed simultaneously. Rather than selling agricultural produce as raw commodities, it is essential to transform them into high-value products through milling, refining, drying, packaging, processing, and quality upgrading. For instance, instead of exporting broken rice, high-quality milled rice and beans should be exported. Bean and rice mills should also be modernized. Furthermore, instead of exporting raw oilseed crops, target yields should be met to mill and distribute cooking oil domestically; the resulting bean meal and sesame press cakes can then serve as animal feed while significantly contributing to domestic edible oil self-sufficiency. Achieving this will enhance the value of farmers' produce, spur the emergence of factories, workshops, and services, and expand employment opportunities. Consequently, it is vital to foster regional support for agro-supportive industries, import-substitution enterprises, export-oriented manufacturing, as well as small, medium, and large-scale agro-based industries. This sector plays a pivotal role in realizing the vision: **"Let us encourage production for prosperity of the Nation."**

The availability of high-quality raw materials is important for the development of agro-based industries. Therefore, it is necessary to develop rubber, cotton, bamboo, coffee, avocado, fruits and other crops in which different regions have comparative advantages, taking into consideration not only production volume but also quality and value-added production. For example, in the case of cotton, efforts should be made to develop the entire value chain, from cotton cultivation to cotton fibre, yarn, textiles and garments. Similarly, bamboo should not be limited to traditional uses; emphasis should be placed on producing paper, furniture and other value-added products. Likewise, products with export market potential, such as coffee, cashew nuts, mangoes, durians, avocados, taro and bananas, should be developed into value-added products, with improvements made throughout the process, including quality, standards, packaging and branding. Efforts should focus on producing products that can be sold rather than merely products that can be produced, and on developing products with higher value rather than simply products that can be sold.

The agricultural sector should not be considered solely in terms of crop cultivation but should also be integrated with the livestock sector. Therefore, it is necessary to improve production systems, feed costs, livestock farming technologies, improved breeds and market linkages in poultry, pig, goat, cattle, fishery and other livestock production.

In implementing these processes, finance and investment are key requirements. To support the transformation of the agricultural sector into the modern one, the development of MSMEs and the establishment of agro-based industries, it is necessary to provide the required capital through a combination of government funding, private financing and public investment. To this end, banks and financial institutions also need to develop practical financial services that take into account the seasonal income flows, production cycles and potential risks of the agricultural sector.

Each region of Myanmar has its own advantages in terms of natural resources, climate, soil and human resources. Therefore, regionally distinctive products, such as those under the **"One Region, One Product (OROP)"** approach, can be systematically selected and developed through quality improvement, value-added production, branding, and linkages with domestic and international markets. This can serve as a means of promoting regional development from the grassroots level and linking it with the national economy.

The primary objective of this workshop is not merely to conclude with an analytical assessment of the current situation, but to **generate actionable policies and operational work plans**. Therefore, in today's discussions, rather than focusing on **"what is happening,"** the emphasis should be on **what needs to be prioritized, how it will be carried out, who will lead it, within what timeframe it will be completed, and with what resources it will be implemented.**

Specifically, it is essential that the workshop outcomes clearly identify: priority sectors, strategic action plans, short- and medium-term operational plans, responsible organizations, required financing and investment, technical and human resource needs, market and export linkage mechanisms, as well as methods for monitoring and evaluating implementation.

This goal cannot be achieved by the government alone. It requires the collective collaboration of farmers, the private sector, industrialists, traders, banking and financial institutions, universities, research organizations, technologists, and relevant partner institutions. In particular, it is necessary to build a mutually reinforcing ecosystem where **the government provides sound policies and an enabling environment, the private sector supplies investment and technology, farmers produce quality raw materials, and the research and education sectors contribute technology and knowledge**. This represents an effort to connect the agricultural and industrial sectors based on a Public–Private Partnership (PPP).

Experts, professionals, entrepreneurs, and sector representatives attending today's session are urged to engage in open discussions and offer recommendations based on their practical experience, expertise, and ground realities. Specifically, **rather than focusing on "what is happening,"** participants should focus on practical solutions addressing "what to change and how" and **"who will implement it, and by when."**

It is believed that the recommendations, strategic frameworks, and work plans emerging from today's workshop will not remain merely on paper, but will translate into actionable policies and Action Plans. If achieved, Myanmar's agricultural sector will transform into a modernized, high-productivity sector; agro-based industries, MSMEs, employment opportunities, and domestic production will grow; and this will fully drive national export capacity and economic development.

Following this, the President added in his remarks that because the country's economy still requires growth, he is personally encouraging and supporting these efforts with all his physical and intellectual capacities and providing necessary guidance. Regarding national economic development, he consistently confers with, instructs, and urges the relevant Union Ministries and regional/state departments to carry out the necessary tasks based on his findings and observations.

In the current 2025–2026 fiscal year, Myanmar had a total sown paddy area of 17.4 million acres and a harvested area of 17.4 million acres. However, the average yield from these harvested acres was found to be only around 85 baskets per acre.

*See Page 14*

*From Page 13*
Based on this yield and calculated at current market prices, the revenue generated stands at nearly 1,484 million. If targeted yields can be achieved, approximately USD 3 billion more could be earned compared to the current output. Furthermore, if multi-cropping can be implemented, an additional revenue of approximately USD 15 billion could be generated. Therefore, the agricultural sector must not focus solely on paddy; it is also necessary to expand the cultivation of the nine designated priority crops supported by the state, planting them in suitable areas according to regional climates and soil types.

If these crops are systematically cultivated and produced with the target yields in mind, the country could generate approximately USD 6.5 billion more in export revenue.

Consequently, analyzing crop by crop reveals an opportunity loss of around USD 3 billion in the rice and paddy sector, alongside an estimated USD 6.5 billion loss across the other nine priority crops. On the other hand, just as rice is essential to daily diets, cooking oil is also an indispensable commodity. According to the 2024 census, Myanmar has a population of over 51 million. If calculated according to the consumption rate recommended by the World Health Organization (WHO), a careful review of current production and consumption levels is warranted. At an annual per capita consumption rate of 6 viss, the domestic demand for cooking oil is approximately 500,000 tonnes.

Therefore, Myanmar's edible oil production situation needs to be re-examined. According to 2024–2025 data, more than one million metric tons of oil can be produced from oilseed crops such as groundnut, sesame, niger seed, sunflower, soybean, and oil palm. When balancing statistical production against domestic consumption, there should not only be enough, but an outright surplus—and achieving target yields would result in a substantial surplus. However, it must be taken into account that groundnut and sesame have traditional consumption patterns, while the State still expends large amounts of foreign exchange to import between 550,000 and 650,000 metric tons of palm oil annually.

Similarly, it is necessary to look back at the paddy sector mentioned earlier. Milling paddy produces not only polished rice, but also fine bran, coarse bran, broken rice, and rice husks, all of which can be repurposed domestically. For example, rice bran oil can be produced from fine bran, thereby providing an additional domestic source of cooking oil. Coarse bran can be used for animal feed, and rice husks can serve as an alternative fuel to firewood. This serves as an example of systematically utilizing by-products to create added value rather than relying on a single output from the paddy sector. Although rice bran oil was extracted in the past, consumers lacked interest due to poor quality caused by older technology. Today, with advanced technologies, rice bran oil can compete with standard cooking oils. Therefore, as a country with abundant rice bran output, Myanmar needs to actively promote the production and consumption of rice bran oil.

It was noted that approximately 30 per cent of the country's total population—about 15 million people—reside in urban areas. If each of these 15 million people were to consume one egg per day, 15 million eggs would be required daily. To produce 15 million eggs per day, approximately 20 million laying hens would be needed. Similarly, regarding chicken consumption, if each person were to consume 5 ticals weight of chicken per day, a total of approximately 800,000 viss of chicken would be required daily. Calculating an average meat yield of 1 viss per chicken, approximately 800,000 broiler chickens would be needed daily to meet consumption demand. Likewise, for pork consumption, if each person were to consume 5 ticals weight of pork per day, a total of 800,000 viss of pork would be required. Calculating an average weight of 50 viss per pig, approximately 15,682 pigs would be needed daily. These figures demonstrate that the livestock sector plays a vital role in ensuring food sufficiency in line with the country's population needs.

Therefore, it is necessary to further expand the livestock sector beyond its current level to meet domestic consumption demand, and once production increases, efforts should also be directed toward exporting surplus products to foreign markets. As another example, the cotton cultivation sector may be considered. Rather than exporting surplus cotton in raw form, if value-added processing is carried out domestically, cotton can be transformed into yarn, and yarn into textiles and clothing. Such linked production would not only meet domestic textile demand but also enable the export of value-added products to foreign markets. These activities constitute Agro-Based Industries.

Furthermore, cottonseed obtained from cotton can be processed into cottonseed oil, while cottonseed cake can be used as animal feed, and cotton linters can be utilized in industrial processes. This means that products and by-products from cotton cultivation can be fully utilized without waste. Household industries can generate numerous employment opportunities, particularly providing substantial employment for women.

Similarly, in the bamboo cultivation sector, rather than exporting bamboo as raw material, it is necessary to produce value-added industrial products. For example, consumer goods, furniture, paper, fabric rolls, bamboo chopsticks, toothpicks, and other products can be manufactured. Additionally, waste particles from bamboo chopsticks production can be sold to mosquito coil manufacturing businesses. Bamboo nodes left from splitting bamboo can be carbonized using pyrolysis technology to produce bamboo charcoal. Such practices would create environmentally friendly products. By producing value-added handicrafts and industrial products and exporting them to foreign markets, foreign exchange earnings can be generated while also creating employment opportunities for local communities.

Likewise, looking at the sugarcane cultivation sector, sugar can be produced from sugarcane while its by-products can also be reused. For example, sugarcane bagasse can be used in fertilizer production, while molasses obtained during the sugar production process can be used mainly in beverage production as well as in methods for producing natural fertilizers such as bokashi. If the by-products of agricultural products can also be reused in this way, production costs can be reduced to some extent, while generating additional benefits for agricultural activities.

In addition, beekeeping can be carried out alongside sunflower and sesame cultivation. It can be seen that there are market opportunities for honey produced through beekeeping in both the current global and regional markets. The benefits of beekeeping are not limited to honey production, as bees also help pollinate crops, thereby contributing to increased crop yields while providing farmers with an additional source of income. Therefore, rather than conducting agriculture, livestock breeding and related businesses separately, it is necessary to develop an integrated system in which they are interconnected and the resulting products and by-products can be fully utilized.

Among the current conditions in the country, one of the major issues is the high prices of commodities. Therefore, it is necessary to conduct a precise analysis of the reasons behind the rising commodity prices. First, commodity prices may rise due to an imbalance between production and consumption, or supply and demand. Second, they may rise because the cost of production (CoP) is high. Factors contributing to high production costs include high manufacturing and production expenses, high transportation costs, high labour costs, rising prices of basic raw materials and other general expenses. Therefore, in order to control high commodity prices, it is necessary to ensure a balance between production and consumption. Only when production and consumption are balanced can market demand and supply be met more effectively.

In conclusion, the socio-economic development of a country begins with production. We must increase production based on agriculture, livestock breeding, natural resources and human resources. Raw materials produced should not merely be sold or exported in their raw form; instead, they should be processed, packaged and upgraded in quality to transform them into value-added products. Only through such value-added production can products be distributed and sold in the domestic market as well as exported to foreign markets. Once products can be marketed by connecting them with markets, producers' incomes will increase and businesses will be able to expand and invest further. As businesses grow, they will create more direct and indirect employment opportunities. With increased employment and incomes, people's livelihoods will improve, along with progress in education, healthcare and living standards. At the same time, as production and trade expand, national income will increase, contributing to the development and growth of the national economy, he added.

Subsequently, artistes from the Ministry of Culture, Hotels and Tourism staged a commemorative performance entitled **"From the Development of the Agricultural Sector to the Growth of National Production."**

Afterwards, Union Minister for Finance and Revenue Dr Kan Zaw respectfully presented a commemorative gift of the national-level workshop on **"From the Development of the Agricultural Sector to the Growth of National Production"** to the President.

The President then posed for a documentary group photo with those attending the ceremony. After the ceremony, the President and attendees toured the exhibition booths commemorating the national-level workshop on **"From the Development of the Agricultural Sector to the Growth of National Production"** with keen interest and the President gave necessary guidance and instructions in response to the presentations by responsible officials, it is reported.

MNA

# Iran to change war's "geography" if under new "invasion," says IRGC spokesperson

**Tehran September 21**

Iran will definitely change the "geography" of the war with the United States and Israel if it comes under another "invasion," Hossein Mohebbi, spokesperson of Iran's Islamic Revolution Guard Corps (IRGC), has said.

"If another invasion is launched (against Iran), there will be significant changes in our defense and offense ... We will definitely change the war's geography," Mohebbi said in an interview with Iran's Al-Alam news channel published Sunday night.

"We will certainly introduce new weapons with new capabilities into the fray, and the world will be astonished," Mohebbi said. "We have new targets that have not been attacked yet."

Mohebbi emphasized that the war has not ended yet, and the IRGC has prepared itself for a long-term conflict.

Meanwhile, the General Staff of Iran's Armed Forces on Monday vowed "more defeats" for the United States, Israel and their allies.

"Iran's armed forces will not back down in the face of the enemy and will give the aggressors and ill-wishers, especially the U.S. and Israeli enemies and their allies, the bitter taste of more defeats," it said in a statement.

The IRGC announced on Monday that its aerospace division's air defense shot down a U.S. MQ-1 Predator drone over the Strait of Hormuz earlier in the day. Xinhua

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin delivers address to senior military officers in Office of Commander-in-Chief (Army)



**Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin delivers an address to senior military officers of offices and departments in the compound of the Office of the Commander-in-Chief (Army).**

**Nay Pyi Taw September 21**

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin delivered an address to officers from respective departments in the compound of the Office of the Commander-in-Chief (Army) at Zeyathiri Beikman in Nay Pyi Taw this afternoon.

Also present together with the Deputy Commander-in-Chief of Defence Services were senior officers from respective offices/departments in the compound of the Office of the Commander-in-Chief (Army).

In his address during the meeting, the Deputy Commander-in-Chief of Defence Services said senior officers, who are discharging duties in the compound of the Office of the Commander-in-Chief (Army), are urged to perform their duties out of good morale, discipline and commitment. Only when colleagues understand the vision, means of implementation and theories of the leadership, can implementation of the vision be more effective. Moreover, leaders of respective offices and departments are required to understand the strengths and weaknesses of their juniors, who are discharging duties under their leadership, and to assign them appropriate tasks.

Offices and departments in the compound of the Office of the Commander-in-Chief (Army) are leading the general staff, adjutant and quartermaster affairs of the entire Tatmadaw and as they are they are drawn analogy to the brain of the Tatmadaw, they are required to exert efforts to their duties effectively and correctly.

The offices and departments in the compound take their respective roles for accommodation and food, performance and benefits for individual personnel of all Tatmadaw personnel from their recruitment to retirement. Therefore, officers and other ranks in the offices and departments in the compound are required to be qualified and role models in terms of morale and discipline. Since regaining independence in the country, armed insurgents, who do not to see the stability of the country, have been working towards the disintegration of the country through various ways and means in excuse of ideologies and ethnic causes and the Tatmadaw, joining hands with the people, has been exerting efforts by sacrificing lives and blood to consolidate the country. Due to instigation of destructive forces inside and outside the country, terrorist armed insurgents carried out acts of terrorism through various ways and means and at the same time, as they instigated honest national people to carry out acts of terrorism towards the disintegration of the country, the Tatmadaw has been protecting the country relentlessly by sacrificing lives and blood.

Our country is located at a geopolitical pivot between major powers of different political systems. Tatmadaw personnel are required to serve the national interests, which amounts to protecting "Our Three Main National Causes". As stability is essential to protect national interests, Individual personnel must be fully capable in order for the Tatmadaw to be an army strong enough to be capable of carrying out tasks for stability by sacrificing lives. By taking lessons from historical events, efforts must be made to improve the Tatmadaw. As senior military officers are leaders of relevant corps, they are required to be qualified and capable of building the units under them to be systematically strong.

He stated that senior military officers must be healthy and fit in order to perform their national duties, noting that fitness encompasses both physical and mental well-being. He emphasized the need to engage in daily physical exercise to maintain physical fitness. Furthermore, he highlighted that for military personnel to serve as reliable members relied upon by the State and the Tatmadaw, they must possess both physical strength and sound mental fortitude, remaining loyal to the State and the Tatmadaw with steadfast faith.

Regarding ethics and discipline, he stated that personnel must live in accordance with the rules and regulations established by the State and the Tatmadaw, emphasizing that officers must continuously guide, advise, and discipline the officers, soldiers, and family members under their command.

Also, he stated that individuals must possess personal accountability and responsibility, as well as a sense of duty, emphasizing the need to systematically manage and supervise their assigned departments and organizations in accordance with established rules and regulations.

He highlighted that each individual must pay special attention to information security, noting that breaches can lead to significant losses and that all security-related matters must be handled with utmost seriousness. He added that personnel must maintain self-respect and self-value, understand the consequences of their assigned duties, and execute their tasks through systematic analysis.

He then stated that senior military officers must continuously study and master the subjects and tasks relevant to their forces with professional expertise. He noted that they must constantly monitor global, regional, and national affairs, research matters that would benefit the Tatmadaw and their respective units, and actively offer recommendations for proactive implementation. Furthermore, he emphasized the need to closely monitor natural disasters and maintain advance preparations and organized teams to execute timely relief and rescue operations should disasters occur.

He also stated that as military personnel, individuals must embody a spirit of sacrifice and valor. He emphasized that senior military officers must strive to practice good conduct themselves while actively supervising and commanding their subordinates and family members to adhere strictly to rules and regulations. He noted that **national stability and tranquility are essential to fulfilling the national interest, which in turn requires strong national defense capabilities. Therefore, to build strong and capable armed forces, he called for collective efforts to enhance the individual capabilities of every service member, asserting that any challenge can be successfully overcome through unity.**

General Kyaw Swa Lin then cordially greeted the senior military officers in attendance. 100

# Fuel prices to rise again in Philippines

**Manila September 21**

Fuel prices are set to go up in the Philippines starting Tuesday, due to tight global supply and continuing Middle East tensions, the country's Department of Energy (DOE) said on Monday.

The department announced at a press conference the price adjustments for the week of Sept. 22 to 28: gasoline, diesel and kerosene will increase by 4.88 pesos (about 0.08 U.S. dollars), 8.82 pesos and 6.47 pesos per liter, respectively.

Before the adjustment, the common retail prices of gasoline RON95, diesel and kerosene are 91.4 pesos, 94.5 pesos and 124.5 pesos per liter, respectively.

According to local media reports, local pump prices remain above levels seen before the conflict involving Iran and U.S.-Israeli forces broke out on Feb. 28. In the last full week before the conflict, DOE data showed common retail prices in Metro Manila for gasoline RON95, diesel and kerosene were 56 pesos, 55 pesos and 83.47 pesos.

The Philippines is a net importer of petroleum products, significantly affected by global oil price swings, foreign exchange fluctuations, and disruptions in international supply routes, among others. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် သက်ဆိုင်ရာနယ်ပယ်အလိုက် အသိပညာရှင်အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက **"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"**အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ထိုအထဲမှ အလုပ်လုပ်သူများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတွင် အလုပ် လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် ဆင်းရဲမှုရှိနေသည်ဟု သုံးသပ်ထားကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးသည် အရေးကြီးသည်မှာပေါ်လွင်နေကြောင်း၊ မိရိုးဖလာလုပ်ဆောင်နေကြသည့် စိုက်ပျိုးမွေးမြူရေးကို စနစ်တကျပြောင်းလဲဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင်၊တန်ဖိုးမြှင့်ထုတ်ကုန်များရရှိအောင်ဆောင်ရွက်နိုင်မှသာ ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲ၏ခေါင်းစဉ်ကို ပြန်ကြည့်မည်ဆိုပါက **"လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"** ဟူသည့် ရည်မှန်းချက်သည် လယ်ယာကဏ္ဍတစ်ခုတည်းကို ဖွံ့ဖြိုးတိုးတက်စေရန်ပြောကြားခြင်းမဟုတ်ဘဲ လယ်ယာထွက်ကုန်မှ ကုန်ကြမ်း၊ ကုန်ကြမ်းမှ တန်ဖိုးမြှင့်ထုတ်ကုန်၊ တန်ဖိုးမြှင့်ထုတ်ကုန်မှစက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်ထိ **တန်ဖိုးကွင်းဆက်တစ်လျှောက်ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန်တိုးတက်လာစေရေးကို**ရည်မှန်းသည့် မူဝါဒဦးတည်ချက်တစ်ရပ်လည်းဖြစ်ကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုလုပ်ဆောင်ရာတွင် ကဏ္ဍတစ်ခုချင်းစီကို သီးခြားခွဲပြီးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရုံဖြင့် မလုံလောက်ကြောင်း၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ဘဏ္ဍာရေးကဏ္ဍ၊နည်းပညာကဏ္ဍနှင့် ဈေးကွက်ရရှိရေးတို့ကြား အပြန်အလှန်ချိတ်ဆက်မှုကို ခိုင်မာအောင်တည်ဆောက်ပြီး ယခင်တန်ဖိုးထက်ပိုမိုမြင့်မားလာအောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ထို့ကြောင့် ယနေ့ဆွေးနွေးပွဲ၏ အဓိကမေးခွန်းသည် **"လယ်ယာထွက်ကုန်မည်မျှပိုထွက်အောင်လုပ်မလဲ"**ဆိုသည့် မေးခွန်းတစ်ခုတည်းမဟုတ်ဘဲ **"ထွက်ရှိလာသည့်လယ်ယာထွက်ကုန်များ၏တန်ဖိုးကို မည်ကဲ့သို့မြှင့်တင်ပြီး နိုင်ငံ့ထုတ်ကုန်အဖြစ် မည်သို့ပြောင်းလဲမည်လဲ"**ဆိုသည်ပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍသည် စားနပ်ရိက္ခာထုတ်လုပ်ပေးသည့်ကဏ္ဍတစ်ခုသာမက စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့်ကုန်ကြမ်းများကို ပံ့ပိုးပေးနိုင်သည့်ကဏ္ဍလည်းဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးထုတ်လုပ်မှု ပမာဏတိုးမြှင့်ရေးအဖြစ်သာ မမြင်သင့်ကြောင်း၊ **ထုတ်လုပ်မှု→ကုန်ကြမ်း→ပြုပြင်ထုတ်လုပ်မှု→တန်ဖိုးမြှင့်ထုတ်ကုန်→ စက်မှုလုပ်ငန်း→ ပြည်တွင်းစားသုံးမှု→ ပြည်ပပို့ကုန်**ဆိုသည့် တန်ဖိုးကွင်းဆက်တစ်ခုလုံးကို တစ်ဆက်တည်းစဉ်းစားပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်မှသာ တောင်သူများ၏ဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်၊ ပြည်တွင်းကုန်ထုတ်လုပ်မှု အားကောင်းလာမည်၊ ပို့ကုန်တိုးတက်လာမည်၊ နောက်ဆုံးတွင် နိုင်ငံ့ထုတ်ကုန်နှင့် နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း။

အလျဉ်းသင့်သဖြင့် မိမိတို့နိုင်ငံ၏ ပထဝီအနေအထားအရ မဟာဗျူဟာမြောက်တည်ရှိနေမှုကိုလည်းတင်ပြလိုကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မဟာဗျူဟာအရအချက်အချာကျသည့်အပြင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီး နှစ်နိုင်ငံကြားတွင်တည်ရှိပြီး ကမ္ဘာ့လူဦးရေထက်ဝက်ခန့်နေထိုင်သည့် Valeriepieris Circle အတွင်းတွင်တည်ရှိခြင်းကြောင့် အနီးအနားနိုင်ငံများအပါအဝင် ကမ္ဘာ့စားနပ်ရိက္ခာဈေးကွက်ကြီးများသို့ လယ်ယာနှင့်မွေးမြူရေးထွက်ကုန်များကို တိုးမြှင့်ထုတ်လုပ်ပြီး တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေကြောင်း၊ အနောက်ဘက်တွင် လူဦးရေသန်း ၁၄၃၀ ကျော်ခန့်ရှိသည့် အိန္ဒိယ၊ လူဦးရေ ၁၇၃ သန်းခန့်ရှိသည့် ဘင်္ဂလားဒေ့ရှ်၊ အရှေ့ဘက်တွင် လူဦးရေသန်း ၁၄၁၀ ကျော်ရှိသည့် တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေကြောင်း၊ ထို့ပြင် ရာသီဥတုနှင့် မြေဆီလွှာကောင်းမွန်မှု၊ ကျယ်ပြန့်သည့် စိုက်ပျိုးမြေများ၊ ရှည်လျားသည့်ကမ်းရိုးတန်းနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှုတို့သည် မိမိတို့နိုင်ငံ၏ အားသာချက်များဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့သဘာဝနှင့် ပထဝီအနေအထားအရ ရရှိထားသည့် အားသာချက်များကိုထိရောက်စွာအသုံးချပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအပြင် အရည်အသွေးမြင့် လယ်ယာထွက်ကုန်များထုတ်လုပ်ကာ ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်များကို ထိုးဖောက်နိုင်ရေးကို အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးသည်မှာ သဘာဝအားသာချက်ရှိခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးလာမည်မဟုတ်ကြောင်း၊ အဆိုပါအားသာချက်ကို ကုန်ထုတ်စွမ်းအား၊အရည်အသွေး၊နည်းပညာ၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအဖြစ် ပြောင်းလဲနိုင်မှသာ နိုင်ငံ့စီးပွားရေးအတွက် အကျိုးရှိမည်ဖြစ်ကြောင်း။

လက်ရှိကာလမှာ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်နေခြင်းသည် ပြည်သူများ၏ နေ့စဉ်ဘဝအတွက် ကြီးမားသည့်စိန်ခေါ်မှုဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းသည် အဓိကအားဖြင့် အကြောင်းအရာနှစ်ခုရှိပါကြောင်း၊ထုတ်လုပ်မှုနှင့်စားသုံးမှုမမျှတခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်မှုတို့ကြောင့်သာဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် စရိတ်စကများပြားမှုကြောင့်လည်းပါကြောင်း၊ အဆိုပါအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် လယ်ယာထုတ်လုပ်မှုပမာဏကို သိသိသာသာမြှင့်တင်ပြီး ပြည်တွင်းစားနပ်ရိက္ခာ လုံလောက်စွာရရှိကာ ကုန်ဈေးနှုန်းများကို အများပြည်သူ တတ်နိုင်သည့်အဆင့်ထိ လျှော့ချနိုင်ရန် လိုအပ်ကြောင်း၊ ဥပမာအားဖြင့် ဥ၊ အသား၊ ငါးထုတ်လုပ်မှုသည် စားသုံးမှုအတွက် မပြည့်မီကြောင်း။

ထိုနေရာတွင် ဗီယက်နမ်နိုင်ငံကို ဥပမာပေးလိုကြောင်း၊ ဗီယက်နမ်နိုင်ငံသည် အကျယ်အဝန်းအားဖြင့် မြန်မာနိုင်ငံ၏ ထက်ဝက်မျှသာရှိပြီး လူဦးရေနှစ်ဆများကြောင်း၊ နိုင်ငံ၏သုံးပုံနှစ်ပုံသည် တောင်ကုန်းဒေသများဖြစ်ကြောင်း၊ သို့သော် လယ်ယာကဏ္ဍတွင် ဆန်ပြည်ပတင်ပို့မှုတန်ချိန် ရှစ်သန်းကျော်၊ တန်ဖိုးအမေရိကန် ဒေါ်လာ လေးဘီလီယံကျော်၊ ကော်ဖီတန်ချိန် တစ်သန်းကျော်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ရှစ်ဘီလီယံကျော်၊ငရုတ်ကောင်းတန်ချိန် သုည ဒသမ ၂၄ သန်းကျော် တန်ဖိုးအမေရိကန် ဒေါ်လာ တစ် ဘီလီယံကျော်ရှိသည်ကိုတွေ့ရကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း လယ်ယာထုတ်ကုန်များတိုးမြှင့်ရန် လိုအပ်နေသည်ကိုတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များထဲတွင် လယ်ယာထွက်ကုန်များသည် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၄၁ ဘီလီယံ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄၃ ဘီလီယံ တင်ပို့နိုင်ခဲ့ကြောင်း။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်ပါက အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သီးထပ်စွမ်းအား(Cropping Intensity)မြှင့်တင်နိုင်ပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့်ထိ ပိုမိုရရှိနိုင်သည်ကို တွက်ချက်ရရှိကြောင်း၊

**ယနေ့ဆွေးနွေးမှုတွင် - ဘာတွေဖြစ်နေသလဲဆိုသည်ထက် ဘာတွေကို ဦးစားပေးလုပ်မလဲ၊ ဘယ်လိုလုပ်မလဲ၊ ဘယ်သူတွေက ဦးဆောင်မလဲ၊ ဘယ်အချိန်အတွင်း ပြီးစီးအောင်လုပ်မလဲ၊ ဘယ်လိုအရင်းအမြစ်များဖြင့် ဆောင်ရွက်မလဲဆိုသည်များကို ပိုမိုအလေးထားဆွေးနွေးဆောင်ရွက်သွားကြစေလို . . .**

**အထူးသဖြင့် အစိုးရက မူဝါဒနှင့် ပတ်ဝန်းကျင်ကောင်းဖန်တီးပေးခြင်း၊ ပုဂ္ဂလိကက ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာကိုဆောင်ရွက်ခြင်း၊ တောင်သူက အရည်အသွေးရှိသည့်ကုန်ကြမ်းထုတ်လုပ်ခြင်း၊ သုတေသနနှင့် ပညာရေးကဏ္ဍက နည်းပညာနှင့် အသိပညာဖြည့်ဆည်းပေးခြင်းဟူသည့် အပြန်အလှန်အားဖြည့်သည့်စနစ်တစ်ရပ်ကို တည်ဆောက်ရန်လို . . .**

ထို့ကြောင့် လယ်ယာကဏ္ဍကို သမားရိုးကျထုတ်လုပ်မှုစနစ်မှ ခေတ်မီ၊ ထိရောက်ပြီး ရေရှည်တည်တံ့သည့် ထုတ်လုပ်မှုစနစ်သို့ ကူးပြောင်းရန်လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်နှင့်အမျှ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှင့် ပြည်သူ့ဝင်ငွေတိုးတက်လာကာ GDP မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံ့စီးပွားရေးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အရေးကြီးသည့်ပထမခြေလှမ်းလည်းဖြစ်ကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် စီးပွားရေးအကျိုးအမြတ် တစ်ခုတည်းကို မကြည့်ဘဲ **စားရေရိက္ခာဖူလုံရေး**ကိုလည်း အခြေခံမူဝါဒတစ်ရပ်အဖြစ် ထားရှိရန်လိုကြောင်း၊ လက်ရှိ ကမ္ဘာ့လူဦးရေသည် ရှစ်ဘီလီယံခန့်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ၁၀ ဘီလီယံထိ တိုးလာနိုင်ခြင်းကြောင့် အနာဂတ်တွင် စားရေရိက္ခာလိုအပ်ချက် ပိုမိုမြင့်မားလာမည်ဖြစ်မှာ အသေအချာပင်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုများ၊ ဒေသတွင်းပဋိပက္ခများ၊ ကုန်သွယ်ရေးလမ်းကြောင်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များပြတ်တောက်မှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ကမ္ဘာ့စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများ ပိုမိုကြီးမားလာနိုင်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားရေရိက္ခာဖူလုံရေးကို အာမခံနိုင်ရုံသာမက မိမိတို့နိုင်ငံ၏စိုက်ပျိုးရေးအလားအလာကိုအသုံးချပြီး ဒေသတွင်းနှင့် ကမ္ဘာ့စားရေရိက္ခာဈေးကွက်တွင် အရေးပါသည့် ထုတ်လုပ်သူနှင့် တင်ပို့သူနိုင်ငံအဖြစ် တစ်နည်းအားဖြင့် **"ကမ္ဘာ့စပါးကျီ"** နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ဖော်ဆောင်နိုင်ရေးရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့်ဆန်စပါးကဏ္ဍတွင် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့်အတူ အရည်အသွေးကောင်းမွန်သည့် ဆန်များထုတ်လုပ်ပြီး ပိုလျှံထွက်ရှိမှုကို နိုင်ငံတကာဈေးကွက်သို့တင်ပို့နိုင်ရေးဆောင်ရွက်သွားကြရမည်၊ **"မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်"**ဆိုသည့်ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက်နှုန်းသာမက အရည်အသွေး၊ စံချိန်စံညွှန်း၊ သိုလှောင်မှု၊ ကြိတ်ခွဲမှု၊ ထုပ်ပိုးမှုနှင့် ဈေးကွက်ချိတ်ဆက်မှုထိ တစ်ဆက်တည်းမြှင့်တင်ရမည်၊ အရောင်အဆင်း၊ အနံ့၊ အရသာသည် ဈေးကွက်တွင် လိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် သီးနှံသည် အရောင်အဆင်းလှမည်၊ အနံ့အရသာနှင့် ပြည့်စုံမည်ဆိုပါက ဝယ်ယူသူအကြိုက်ဖြစ်သဖြင့် ရောင်းအား တက်လာမည်ဖြစ်ကြောင်း၊ အလားတူစွာပင် ပို့ကုန်ဈေးကွက်တွင်လည်း **"ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်"**ဆိုသည့် ဈေးကွက်ယှဉ်ပြိုင်ရေးအခြေခံသဘောတရားကိုလက်တွေ့ကျင့်သုံးနိုင်ရန်လိုကြောင်း၊ ထုတ်လုပ်သူ၊ ရောင်းချသူများသည် လူ့သဘာဝအရ အကျိုးအမြတ်ရယူလိုကြောင်း၊ အမြတ်များများရရှိရေးထက် အမြတ်နည်းနည်းဖြင့် ပစ္စည်းများများရောင်းချနိုင်ရေးကို အထက်ကဆိုခဲ့သည့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အထိမ်းအမှတ် လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်စဉ်။

အခြေခံသဘောတရားနှင့် ဆောင်ရွက်စေလိုကြောင်း၊ တရုတ်နိုင်ငံသည် အဆိုပါနည်းဖြင့် တိုင်းပြည်ကို နေဥစ္စာကြွယ်ဝအောင် စတင်လုပ်ခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ ပြည်တွင်းစားသုံးဆီဖူလုံရေးသည်လည်း ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်နှင့် ဆီအုန်းတို့ကဲ့သို့ ဆီထွက်သီးနှံများကို ဒေသအလိုက် သင့်လျော်သည့်သီးနှံရွေးချယ်မှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် စနစ်တကျ တိုးချဲ့စိုက်ပျိုးရန်လိုအပ်ပါကြောင်း၊ ယင်းနေရာတွင် ထုတ်လုပ်မှုပမာဏတိုးတက်ရေးတစ်ခုတည်းကို မကြည့်ဘဲ**ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ပြည်သူများ၏ ဝယ်ယူနိုင်စွမ်း**တို့ကိုလည်း ထည့်သွင်းစဉ်းစားရမည်လည်းဖြစ်ကြောင်း၊ အခွင့်ကြုံခိုက်တင်ပြရမည်ဆိုပါက ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် Food and Fertilizer Technology Center for the Asian and Pacific Region (FFTC-AP) အဖွဲ့အစည်းက နေပြည်တော်ရှိ အိမ်ထောင်စု ၂၂၀ ကို ကောက်ယူခဲ့သည့် စစ်တမ်းအရ အိမ်ထောင်စုတစ်စုသည် လစဉ်ဝင်ငွေ၏ ၆၃ ရာခိုင်နှုန်းကို အစားအသောက်အတွက် သုံးစွဲနေရပြီး ဆန်နှင့် ဆီသည် ကုန်ကျစရိတ်အများဆုံးဖြစ်ပါကြောင်း၊ ဆန်အတွက် ၁၇ ဒသမ ၇၅ ရာခိုင်နှုန်း၊ ဆီအတွက် ၁၃ ဒသမ ၁၆ ရာခိုင်နှုန်း အသီးသီး သုံးစွဲနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံလူတန်းစားပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာသည့် စားအုန်းဆီကို ပိုမိုအားထားစားသုံးနေကြရခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ ထုတ်လုပ်နေသော်လည်း ပြည်သူများ၏ ဝယ်ယူနိုင်စွမ်းနှင့် ထုတ်လုပ်မှုစရိတ်မကိုက်ညီခြင်း၊ ဈေးကွက်ဝယ်လိုအားနှင့် ပြည်တွင်းထုတ်လုပ်မှုမျှတမှုမရှိခြင်းတို့ကြောင့် ပြည်တွင်းဖြစ်ဆီများကို အပြည့်အဝအသုံးမပြုနိုင်သေးသည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း။

ထို့ကြောင့် ပြည်တွင်းလိုအပ်ချက်နှင့် ကိုက်ညီအောင် ဆီထွက်သီးနှံများတိုးမြှင့်ထုတ်လုပ်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ စားအုန်းဆီတင်သွင်းမှုကို အဆင့်လိုက်လျှော့ချခြင်းနှင့် ပြည်သူများ ဝယ်ယူနိုင်သည့်ဈေးနှုန်းဖြစ်စေရေးအတွက် နည်းလမ်းကောင်းများရှာဖွေဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် ပြည်သူများအတွက် ရေတို၊ ရေရှည် အကျိုးဖြစ်ထွန်းစေမည့်နည်းလမ်းများကိုလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားကြရန် တိုက်တွန်းလိုပါကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

စီးပွားဖြစ်လယ်ယာမှ ထွက်ရှိလာသည့် ထုတ်ကုန်အများစုသည် မူလကုန်ကြမ်းအဆင့်၌ပင်ရှိနေမည်ဆိုပါက တန်ဖိုးဖန်တီးနိုင်မှုသည် အကန့်အသတ်ရှိနေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ Agro-based Industries များကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်ကို ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် ကြိတ်ခွဲခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကိုဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဆန်ကွဲတင်ပို့ခြင်းအစား အရည်အသွေးကောင်းသည့်ဆန်များ တင်ပို့ရောင်းချခြင်း၊ အရည်အသွေးကောင်းသည့်ပဲများ တင်ပို့ရောင်းချခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပဲစက်၊ ဆန်စက်များကိုလည်း အဆင့်မီအောင်ပြုပြင်ပြီး ဆီထွက်သီးနှံများ ပြည်ပသို့ရောင်းမည့်အစား ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ပြီး ပြည်တွင်း၌ပင် ဆီကြိတ်ထုတ်လုပ်ရောင်းချခြင်းဖြင့် ပဲကြိတ်ဖတ်များ၊ နှမ်းကြိတ်ဖတ်များသည် တိရစ္ဆာန်အစာအဖြစ်အသုံးပြုနိုင်သကဲ့သို့ ပြည်တွင်းဆီဖူလုံမှုကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်မည်ဆိုပါက တောင်သူများ၏ ထုတ်ကုန်တန်ဖိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ စက်ရုံ၊ အလုပ်ရုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာအထောက်အကူပြုစက်မှုလုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပို့ကုန်ဦးတည်သည့်စက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့် အကြီးစား Agro-based Industriesများကို ဒေသအလိုက် အားပေးဖော်ဆောင်ရန်လိုအပ်ကြောင်း၊ **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဟူသည့် ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ယင်းကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း။

Agro-based Industry ဖွံ့ဖြိုးတိုးတက်ရေးတွင် အရည်အသွေးကောင်းသည့် ကုန်ကြမ်းရရှိရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရော်ဘာ၊ ဝါ၊ ဝါး၊ ကော်ဖီ၊ ထောပတ်၊ သစ်သီးဝလံနှင့် အခြားဒေသအလိုက် အားသာချက်ရှိသည့် သီးနှံများကို ထုတ်လုပ်မှုပမာဏသာမက အရည်အသွေးနှင့် တန်ဖိုးမြှင့်ထုတ်လုပ်မှုထိ စဉ်းစားပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝါနှင့်ပတ်သက်၍ ဥပမာပေးရမည်ဆိုပါက ဝါစိုက်ပျိုးမှုမှ ဝါဂွမ်း၊ ချည်၊ ချည်ထည်နှင့် အဝတ်အထည်ထိ တန်ဖိုးကွင်းဆက်တစ်ခုလုံး ဖော်ဆောင်နိုင်ရန်လိုကြောင်း၊ ဝါးကိုလည်း ရိုးရာအသုံးပြုမှုအဆင့်မှာသာမထားဘဲ စက္ကူ၊ ပရိဘောဂနှင့် အခြားတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကို အလေးထားဆောင်ရွက်သင့်ကြောင်း၊ အလားတူ ကော်ဖီ၊ သီဟိုဠ်၊ သရက်၊ ဒူးရင်း၊ ထောပတ်သီး၊ ပိန်းဥ၊ ငှက်ပျော စသည့် ပြည်ပဈေးကွက် အလားအလာရှိသည့် ထုတ်ကုန်များကိုလည်း တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်ပြီး အရည်အသွေး၊ စံချိန်စံညွှန်း၊ ထုပ်ပိုးမှုနှင့် အမှတ်တံဆိပ်ဖော်ဆောင်ရေးထိ တစ်ဆက်တည်းဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လုပ်နိုင်သည်ထက် ရောင်းချနိုင်သည့် ထုတ်ကုန်ဖြစ်စေရေး၊ ရောင်းနိုင်သည်ထက် တန်ဖိုးမြင့်သည့် ထုတ်ကုန်ဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍဟူသည်မှာ စိုက်ပျိုးရေးတစ်ခုတည်းမဟုတ်ဘဲ မွေးမြူရေးကဏ္ဍနှင့်လည်း ပေါင်းစပ်စဉ်းစားရမည်ဖြစ်ကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် အခြားမွေးမြူရေးလုပ်ငန်းများတွင် ထုတ်လုပ်မှုစနစ်၊ အစာစရိတ်၊ မွေးမြူရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို တိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ ခေတ်သစ်လယ်ယာကဏ္ဍအသွင်ကူးပြောင်းရေး၊ MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် Agro-based Industries တည်ထောင်ရေးအတွက် လိုအပ်သည့်အရင်းအနှီးများကို အစိုးရဘဏ္ဍာငွေ၊ ပုဂ္ဂလိကဘဏ္ဍာငွေနှင့် ပြည်သူများ၏ ရင်းနှီးမြှုပ်နှံမှုတို့ပေါင်းစပ်ပြီး ဖြည့်ဆည်းပေးနိုင်ရေး လိုအပ်ပါကြောင်း၊ ယင်းအတွက် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့်လည်း လယ်ယာကဏ္ဍ၏ ရာသီအလိုက် ဝင်ငွေစီးဆင်းမှု၊ ထုတ်လုပ်မှုစက်ဝန်းနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို ထည့်သွင်းစဉ်းစားပြီး လက်တွေ့အသုံးဝင်သည့် ငွေကြေးဝန်ဆောင်မှုများ ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဒေသတစ်ခုချင်းစီတွင် သဘာဝအရင်းအမြစ်၊ ရာသီဥတု၊ မြေဆီလွှာနှင့် **စာမျက်နှာ ၁၈ သို့**







| သီးနှံအမည် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း (တင်း/ဧက) | အထွက် (တင်း) | ထွက်ရှိသည့် ဆီပမာဏ(တန်) |
|---|---|---|---|---|---|
| မြေပဲ | ၃,၃၉၀,၄၂၉ | ၃,၃၈၉,၄၃၄ | ၅၇.၇၄ | ၁၉၅,၇၀၄,၈၅၃ | ၅၀၈,၇၉၉ |
| နှမ်း | ၄,၁၀၃,၄၄၄ | ၄,၁၀၃,၀၇၄ | ၁၀.၂၀ | ၄၁,၉၀၃,၇၀၉ | ၃၇၆,၇၉၄ |
| နေကြာ | ၁,၀၈၇,၄၇၀ | ၁,၀၈၇,၄၆၆ | ၂၃.၇၀ | ၂၅,၇၆၉,၅၄၈ | ၉၆,၇၂၇ |
| မုန်ညင်း | ၈၃,၁၃၀ | ၈၃,၁၃၀ | ၉.၈၈ | ၁,၄၀၁,၁၆၁ | ၁၀,၄၇၀ |
| ပန်းနှမ်း | ၃၀၂,၃၀၁ | ၃၀၂,၃၀၁ | ၁၀.၈၀ | ၃,၂၆၄,၂၁၁ | ၂၆,၉၂၅ |
| ဆီအုန်း | ၃၉၆,၈၆၅ | ၁၇၈,၄၆၃ | ၃.၄၆ | ၆၁၇,၉၇၉ | ၈၉,၄၂၄ |
| ပဲပုပ် | ၄၃၂,၆၁၃ | ၄၃၂၅၆၂ | ၂၀.၁၁ | ၈,၆၉၈,၈၂၂ | ၄၂,၆၁၄ |
| စုစုပေါင်း | ၉,၃၆၃,၆၃၉ | ၉,၁၄၃,၈၆၈ | | | ၁,၁၅၁,၇၅၃ |

စာမျက်နှာ ၁၇ မှအဆက်

လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိုယ်ပိုင်အားသာချက်များရှိကြောင်း၊ ထို့ကြောင့် **One Region One Product–OROP** ကဲ့သို့ ဒေသအလိုက်အားသာချက်ရှိသည့် ထုတ်ကုန်မျိုးများကိုရွေးချယ်ပြီး အရည်အသွေးမြှင့်တင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း၊ အမှတ်တံဆိပ်ဖော်ဆောင်ခြင်းနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ချိတ်ဆက်ခြင်းများကို စနစ်တကျဆောင်ရွက်နိုင်ပါကြောင်း၊ ယင်းသည် ဒေသဖွံ့ဖြိုးရေးကို အောက်ခြေအဆင့်ကနေစတင်ပြီး အမျိုးသားစီးပွားရေးနှင့်ချိတ်ဆက်ပေးနိုင်မည့် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်သည် အခြေအနေများကို ဆန်းစစ်လေ့လာသုံးသပ်သည့် ဆွေးနွေးပွဲဖြင့်ပင် ရပ်တန့်သွားမည်မဟုတ်ကြောင်း၊ **လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် မူဝါဒနှင့် လုပ်ငန်းစီမံချက်များ ထွက်ပေါ်လာရန်ဖြစ်ကြောင်း**၊ ထို့ကြောင့် ယနေ့ဆွေးနွေးမှုတွင် **–ဘာတွေဖြစ်နေသလဲ** ဆိုသည်ထက် **ဘာတွေကို ဦးစားပေးလုပ်မလဲ၊ ဘယ်လိုလုပ်မလဲ၊ ဘယ်သူတွေက ဦးဆောင်မလဲ၊ ဘယ်အချိန်အတွင်း ပြီးစီးအောင်လုပ်မလဲ၊ ဘယ်လိုအရင်းအမြစ်များဖြင့်ဆောင်ရွက်မလဲ**ဆိုသည်များကို ပိုမိုအလေးထားဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း။

အထူးသဖြင့် ဆွေးနွေးပွဲရလဒ်အနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့်ကဏ္ဍများ၊ မဟာဗျူဟာလုပ်ငန်းစဉ်များ၊ နှစ်တိုနှစ်လတ်လုပ်ငန်းစီမံချက်များ၊ တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ၊ လိုအပ်မည့်ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ၊ ဈေးကွက်နှင့် ပို့ကုန်ချိတ်ဆက်ရေးနည်းလမ်းများ၊ အကောင်အထည်ဖော်မှုကိုစောင့်ကြည့်တိုင်းတာမည့် နည်းလမ်းများထိ တိတိကျကျဖော်ထုတ်နိုင်ရန် လိုအပ်ပါကြောင်း။

ယင်းရည်မှန်းချက်ကို အစိုးရတစ်ဖွဲ့တည်းဖြင့် အောင်မြင်အောင်ဆောင်ရွက်၍ မရကြောင်း၊ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကကဏ္ဍ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ နည်းပညာရှင်များနှင့် သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် **အစိုးရက မူဝါဒနှင့်ပတ်ဝန်းကျင်ကောင်းဖန်တီးပေးခြင်း၊ ပုဂ္ဂလိကက ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာကိုဆောင်ရွက်ခြင်း၊ တောင်သူကအရည်အသွေးရှိသည့် ကုန်ကြမ်းထုတ်လုပ်ခြင်း၊ သုတေသနနှင့် ပညာရေးကဏ္ဍက နည်းပညာနှင့် အသိပညာဖြည့်ဆည်းပေးခြင်း**ဟူသည့် အပြန်အလှန်အားဖြည့်သည့်စနစ်တစ်ရပ်ကို တည်ဆောက်ရန်လိုကြောင်း၊ ယင်းသည် Public–Private Partnership ကို အခြေခံပြီး လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍကိုချိတ်ဆက်ဖော်ဆောင်ခြင်းဖြစ်ကြောင်း။

ယနေ့ဆွေးနွေးပွဲကို တက်ရောက်လာကြသည့် ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် မြေပြင်လက်တွေ့ အခြေအနေများကို အခြေခံပြီး ပွင့်ပွင့်လင်းလင်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် **“ဘာဖြစ်နေသလဲ”ဆိုတာ**ထက် **“ဘာကိုဘယ်လိုပြောင်းလဲမလဲ”၊ “ဘယ်အချိန်မှာ ဘယ်သူကဘယ်လို အကောင်အထည်ဖော်မလဲ”** ဟူသည့် လက်တွေ့ကျသည့်ဖြေရှင်းချက်များထွက်ပေါ်လာရန် အလေးထားဆွေးနွေးသွားကြစေလိုကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အကြံပြုချက်များ၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် လုပ်ငန်းစီမံချက်များသည်စာတမ်းများအဖြစ်သာ ကျန်ရှိမနေဘဲ လက်တွေ့အကောင်အထည်ဖော်နိုင်သည့် မူဝါဒနှင့် Action Plan များအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာ့လယ်ယာကဏ္ဍသည် ခေတ်မီပြီး ကုန်ထုတ်စွမ်းအားမြင့်မားသည့် ကဏ္ဍတစ်ရပ်အဖြစ် ပြောင်းလဲလာမည်ဖြစ်သကဲ့သို့ လယ်ယာအခြေပြုစက်မှုလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်တွင်းထုတ်လုပ်မှုတို့ တိုးတက်လာပြီး နိုင်ငံ့ထုတ်ကုန်နှင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အင်အားပြည့်မောင်းနှင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် မိမိတို့နိုင်ငံ၏ စီးပွားရေးသည်တိုးတက်မှုရှိရန် လိုအပ်နေဆဲဖြစ်သဖြင့် မိမိအနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်အကြံဉာဏ်များကို ပေးလျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ မိမိလေ့လာတွေ့ရှိသမျှဆောင်ရွက်ရန်ရှိသည်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနဆိုင်ရာများကို အမြဲမပြတ်ဆွေးနွေးမှာကြားတိုက်တွန်းဆောင်ရွက်စေလျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၌ လက်ရှိ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧက စုစုပေါင်း ၁၇ ဒသမ ၄ သန်းရှိခဲ့ပြီး ရိတ်သိမ်းဧက ၁၇ ဒသမ၄ သန်းရှိကြောင်း၊ သို့သော် အဆိုပါ ရိတ်သိမ်းဧကများမှရရှိခဲ့သည့် ပျမ်းမျှအထွက်နှုန်းမှာ ၈၅ တင်းခန့်သာ ရှိသည်ကို တွေ့ရကြောင်း၊ အဆိုပါအထွက်နှုန်းအပေါ်မူတည်ပြီး ကာလပေါက်ဈေးဖြင့် တွက်ချက်မည်ဆိုပါက ရရှိမည့်ငွေသည် ၁၄၈၄ သန်းနီးပါးဖြစ်ကြောင်း၊ အကယ်၍ ပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက လက်ရှိရရှိနေသည့်ပမာဏထက် အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့် တိုးမြှင့်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သီးထပ်စိုက်ပျိုးနိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံခန့် ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေးကဏ္ဍတွင် စပါးတစ်မျိုးတည်းကိုသာ အာရုံစိုက်ဆောင်ရွက်ရမည်မဟုတ်ဘဲ နိုင်ငံတော်အနေဖြင့် အားပေးစိုက်ပျိုးလျက်ရှိသည့် သီးနှံ ကိုးမျိုးကိုလည်း သက်ဆိုင်ရာဒေသများ၏ ရာသီဥတုနှင့် မြေအမျိုးအစားအလိုက် သင့်လျော်သည့်နေရာများတွင် တိုးမြှင့်စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

အဆိုပါသီးနှံများကိုလည်း သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိအောင်ရည်မှန်းချက်ထားပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက်ပို့ကုန်ရငွေသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံခန့် ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် သီးနှံတစ်မျိုးချင်းအလိုက် ဆန်းစစ်ကြည့်မည်ဆိုပါက ဆန်၊ စပါးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့်နစ်နာဆုံးရှုံးမှုများရှိနေသကဲ့သို့ အခြားသီးနှံ ကိုးမျိုးတွင်လည်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံခန့် ဆုံးရှုံးမှုများရှိနေသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း လူတစ်ဦး၏နေ့စဉ်စားသောက်မှုတွင် ဆန်သည်အရေးကြီးသကဲ့သို့ စားသုံးဆီသည်လည်း မရှိမဖြစ်အရေးပါသည့် အစားအစာတစ်ခုဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ သန်းကျော်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ အကြံပြုထားသည့်စားသုံးမှုနှုန်းထားအတိုင်း တွက်ချက်ကြည့်မည်ဆိုပါက လက်ရှိထုတ်လုပ်မှုနှင့်စားသုံးမှုအခြေအနေကို သေချာစွာပြန်လည်ဆန်းစစ်ရန် လိုအပ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လူတစ်ဦးလျှင် တစ်နှစ်ကို ခြောက်ပိဿာ စားသုံးမည်ဆိုပါက ပြည်တွင်းစားသုံးဆီ လိုအပ်ချက်သည် တန်ချိန် ငါးသိန်းခန့် ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ဆီထုတ်လုပ်မှုအခြေအနေကိုလည်း ပြန်လည်ဆန်းစစ်ကြည့်ရန်လိုကြောင်း၊ ၂၀၂၄–၂၀၂၅ ခုနှစ် စာရင်းအချက်အလက်များအရ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ်နှင့် ဆီအုန်း စသည့်ဆီထွက်သီးနှံများမှ စုစုပေါင်း ဆီတန်ချိန် တစ်သန်းကျော်ထွက်ရှိနိုင်ကြောင်း၊ စာရင်းဇယားများအရ ထွက်ရှိသည့် ဆီပမာဏနှင့် ပြည်တွင်းစားသုံးမှုကို ချိန်ထိုးတွက်ချက်ကြည့်မည်ဆိုပါက လုံလောက်ရုံမက ပိုလျှံနေသင့်သည့်အခြေအနေကိုတွေ့ရမည်ဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ကိုပြည့်မီပါက များစွာပိုလျှံနေမည်ဖြစ်ကြောင်း၊ ထည့်သွင်းစဉ်းစားရမည်မှာ မြေပဲ၊ နှမ်းတို့မှာ မိရိုးဖလာစားသုံးသူရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေအမြောက်အမြားအသုံးပြုပြီး တစ်နှစ်လျှင် စားအုန်းဆီတန်ချိန် ၅၅၀၀၀၀ ကနေ ၆၅၀၀၀၀ အတွင်း ပြည်ပမှတင်သွင်းပေးနေရသည်ကို တွေ့ရကြောင်း။

အလားတူ မိမိအနေဖြင့်အစောပိုင်းတွင် တင်ပြခဲ့သည့်ဆန်စပါးကဏ္ဍကိုလည်း ပြန်လည်ကြည့်ရှုရန်လိုကြောင်း၊ ဆန်စပါးကို ကြိတ်ခွဲထုတ်လုပ်မည်ဆိုပါက ဆန်အပြင်ထွက်ရှိလာသည့် ဖွဲနု၊ ဖွဲကြမ်း၊ ဆန်ကွဲနှင့်စပါးခွံများကိုလည်း ပြည်တွင်း၌ ပြန်လည် အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဖွဲနုမှ ဖွဲနုဆီထုတ်လုပ်နိုင်သည့်အတွက် ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို တစ်ဖက်တစ်လမ်းမှ ထပ်မံဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဖွဲကြမ်းကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သကဲ့သို့ စပါးခွံကိုလည်း ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍတစ်ခုတည်းမှ ထုတ်ကုန်တစ်မျိုးတည်းရရှိခြင်းမဟုတ်ဘဲ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကိုပါ စနစ်တကျပြန်လည်အသုံးချပြီး တန်ဖိုးထပ်မံဖန်တီးနိုင်သည့် ဥပမာတစ်ခုအနေဖြင့်တင်ပြခြင်းဖြစ်ကြောင်း၊ တစ်ချိန်က ဖွဲနုဆီထုတ်ခဲ့သော်လည်း နည်းပညာအရ အရည်အသွေးညံ့ဖျင်းမှုကြောင့် လူအများက ဖွဲနုဆီကိုစိတ်မဝင်စားကြကြောင်း၊ ယခုခေတ်ကာလတွင် နည်းပညာများမြင့်မားလာပြီဖြစ်သဖြင့် ဖွဲနုဆီသည် သာမန်စားသုံးဆီများနှင့် ယှဉ်လာနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲနုအမြောက်အမြားထွက်ရှိသည့် မိမိတို့နိုင်ငံအနေဖြင့် ဖွဲနုဆီထုတ်လုပ်သုံးစွဲမှုကို အားပေးရန်လိုကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံတွင်ရှိသည့် လူဦးရေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်၊ အရေအတွက်အားဖြင့် ၁၅ သန်းခန့်သည် မြို့ပြဒေသများတွင်နေထိုင်ကြကြောင်း၊ အဆိုပါလူဦးရေ ၁၅ သန်းသည်တစ်နေ့ကို လူတစ်ဦးလျှင် ကြက်ဥတစ်လုံးနှုန်းစားသုံးမည်ဆိုပါက တစ်နေ့ကိုကြက်ဥအလုံး ၁၅ သန်းလိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ နေ့စဉ်ကြက်ဥအလုံး ၁၅ သန်းထုတ်လုပ်ပေးနိုင်ရန်အတွက် ဥပေးနိုင်သည့် ကြက်အကောင်သန်း ၂၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူပင် ကြက်သားစားသုံးမှုကိုကြည့်မည်ဆိုပါက လူတစ်ဦးလျှင် တစ်နေ့ငါးကျပ်သားနှုန်းဖြင့် တွက်ချက်မည်ဆိုပါက စုစုပေါင်းကြက်သားပိဿာချိန် ရှစ်သိန်းခန့်လိုအပ်မည်ဖြစ်ကြောင်း၊ ကြက်တစ်ကောင်၏ အသားထွက်ရှိမှုကို ပျမ်းမျှတစ်ပိဿာနှုန်းဖြင့် တွက်ချက်မည်ဆိုပါက နေ့စဉ်စားသုံးမှုအတွက် အသားတိုးကြက် စုစုပေါင်းအကောင် ရှစ်သိန်းခန့် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ ဝက်သား စားသုံးမှုကိုလည်း လူတစ်ဦးလျှင် တစ်နေ့ငါးကျပ်သားနှုန်းဖြင့် တွက်ချက်မည်ဆိုပါက စုစုပေါင်း ဝက်သားပိဿာချိန် ရှစ်သိန်း

စာမျက်နှာ ၁၉ သို့







**စာမျက်နှာ ၁၈ မှအဆက်**

လိုအပ်မည်ဖြစ်ကြောင်း၊ ဝက်တစ်ကောင်ကို ပျမ်းမျှ ပိဿာ ၅၀ နှုန်းဖြင့် တွက်ချက်မည်ဆိုပါက နေ့စဉ်စားသုံးမှုအတွက် ဝက် ၁၅၆၈၂ ကောင် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံ၏ လူဦးရေလိုအပ်ချက်နှင့် အညီ အစားအစာဖူလုံရေးအတွက် မွေးမြူရေးကဏ္ဍသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် မွေးမြူရေးကဏ္ဍကို လက်ရှိအခြေအနေထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအပြင် ထုတ်လုပ်မှုတိုးတက်လာသည့်အခါ ပိုလျှံထုတ်ကုန်များကို ပြည်ပဈေးကွက်ထိ တင်ပို့နိုင်ရေးကိုပါ ရည်မှန်းဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ အခြားသီးနှံများကိုလည်း ဥပမာပေးရမည်ဆိုပါက ဝါးစိုက်ပျိုးရေးကဏ္ဍကို ကြည့်နိုင်ကြောင်း၊ ပိုလျှံသည့်ဝါးကို ဝါးလုံးအနေဖြင့် ပြည်ပကိုတင်ပို့ခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်လုပ်မည်ဆိုပါက ဝါးလုံးမှ ချည်၊ ချည်မှချည်ထည်နှင့် အဝတ်အစားများကို ဆက်လက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆက်စပ်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သကဲ့သို့ တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပြည်ပဈေးကွက်ကိုလည်းတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် Agro-Based Industries ပင်ဖြစ်ကြောင်း။

ထို့ပြင် ဝါးမှရရှိသည့် ဝါးစေ့ကိုလည်း ဝါးစေ့ဆီအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ ဝါးကြိတ်ဖတ်ကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သကဲ့သို့ လင်တာဂွမ်းကိုလည်း စက်မှုလုပ်ငန်းများတွင် အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ဝါးစိုက်ပျိုးရေးမှ ထွက်ရှိလာသည့်ထုတ်ကုန်နှင့်ဘေးထွက်ပစ္စည်းများကိုပါ အလဟဿမဖြစ်စေဘဲ အမျိုးမျိုးပြန်လည်အသုံးချနိုင်ခြင်းဖြစ်ကြောင်း၊ အိမ်တွင်းစက်မှုလုပ်ငန်းများကနေ အလုပ်အကိုင်အခွင့်အလမ်းများစွာရကြောင်း၊ အထူးသဖြင့် အမျိုးသမီးများ၏ လုပ်အားများစွာရရှိနိုင်ကြောင်း။

အလားတူ ဝါးစိုက်ပျိုးရေးကဏ္ဍတွင်လည်း ဝါးကိုကုန်ကြမ်းအတိုင်း ပြည်ပသို့ တင်ပို့ခြင်းထက် ဝါးမှတန်ဖိုးမြှင့်စက်မှုထုတ်ကုန်များ ထုတ်လုပ်သွားရန်လိုအပ်ကြောင်း၊ ဥပမာအားဖြင့် လူသုံးကုန်ပစ္စည်းများ၊ ပရိဘောဂများ၊ စက္ကူ၊ အထည်အလိပ်၊ ဝါးတူ၊ သွားကြားထိုးတံစသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ပြင် ဝါးတူလုပ်ငန်းမှထွက်ရှိလာသည့် အမှုန်များကိုလည်း ခြင်ဆေးခွေထုတ်လုပ်သည့် လုပ်ငန်းများအတွက် ပြန်လည်ရောင်းချအသုံးပြုနိုင်ကြောင်း၊ ဝါးခွဲရာမှ ထွက်ရှိလာသည့် ဝါးဆစ်ပိတ်များကိုလည်း အပူလုံနည်းပညာဖြင့် လောင်ကျွမ်းစေပြီး ဝါးမီးသွေးအဖြစ် ထုတ်လုပ်နိုင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် ထုတ်ကုန်များကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ တန်ဖိုးမြှင့်လက်မှုနှင့် စက်မှုထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေ ရရှိလာမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း။

အလားတူ ကြံစိုက်ပျိုးရေးကဏ္ဍကို ကြည့်မည်ဆိုပါကလည်း ကြံမှတစ်ဆင့် သကြားထုတ်လုပ်ရုံသာမက ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကိုပါ ပြန်လည်အသုံးချနိုင်ကြောင်း၊ ဥပမာအားဖြင့် ကြံကြိတ်ဖတ်များကို မြေသြဇာထုတ်လုပ်သည့်လုပ်ငန်းများတွင် အသုံးပြုနိုင်ပါကြောင်း၊ သကြားထုတ်လုပ်သည့်လုပ်ငန်းစဉ်အတွင်းရရှိလာသည့် တင်လဲရည်များကိုလည်း အဖျော်ယမကာထုတ်လုပ်ရေးတွင် အဓိကအသုံးပြုနိုင်သကဲ့သို့ သဘာဝမြေသြဇာပြုလုပ်သည့် ဘိုကာရှီနည်းလမ်းများတွင်လည်း ထည့်သွင်းအသုံးပြုနိုင်ကြောင်း၊ ယင်းသို့စိုက်ပျိုးရေးထုတ်ကုန်များ၏ ဘေးထွက်ပစ္စည်းများကိုပါ ပြန်လည်အသုံးချနိုင်မည်ဆိုပါက ထုတ်လုပ်မှုကုန်ကျစရိတ်ကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်သကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း ထပ်မံအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ထို့ပြင် နေကြာ၊ နှမ်း စိုက်ပျိုးမွေးမြူရေးကဏ္ဍများကို အခြေခံပြီး ပျားမွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်ဆောင်ရွက်နိုင်ကြောင်း၊ လက်ရှိ ကမ္ဘာ့ဈေးကွက်နှင့် ဒေသတွင်းဈေးကွက်များတွင် ပျားမွေးမြူရေးမှရရှိသည့် ပျားရည်အတွက် ဈေးကွက်အလားအလာများ ရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ ပျားမွေးမြူရေး၏ အကျိုးကျေးဇူးသည် ပျားရည်ထုတ်လုပ်ရရှိမှု တစ်ခုတည်းမဟုတ်ဘဲ ပျားများသည် သီးနှံများ၏ဝတ်မှုန်ကူးမှုကို ကူညီပေးခြင်းကြောင့် သီးနှံအထွက်နှုန်းတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပြီး တောင်သူများအနေဖြင့် အပိုဝင်ငွေရရှိစေပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများကို သီးခြားစီဆောင်ရွက်ခြင်းထက် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပြီး ထွက်ရှိလာသည့်ထုတ်ကုန်နှင့် ဘေးထွက်ပစ္စည်းများကို အပြည့်အဝပြန်လည်အသုံးချနိုင်မည့်စနစ်တစ်ရပ်အဖြစ် ဖော်ဆောင်သွားနိုင်ရန် လိုအပ်ကြောင်း။

အချုပ်အားဖြင့်ဆိုပါက နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသည် ထုတ်လုပ်မှုမှစတင်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လယ်ယာ၊ မွေးမြူရေး၊ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားများကို အခြေခံပြီး ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ကုန်ကြမ်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်း၊ တင်ပို့ခြင်းမျိုးမဟုတ်ဘဲ ပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ထိုသို့တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှသာ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနိုင်သကဲ့သို့ ပြည်ပဈေးကွက်ကိုလည်း တင်ပို့နိုင်မည်ဖြစ်ပါကြောင်း၊ ဈေးကွက်နှင့်ချိတ်ဆက်ပြီး ရောင်းချနိုင်လာသည့်အခါ ထုတ်လုပ်သူများ၏ ဝင်ငွေတိုးလာမည်ဖြစ်သကဲ့သို့ လုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ တိုက်ရိုက်အလုပ်အကိုင်များ၊ သွယ်ဝိုက်အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေတိုးလာသည့်အခါပြည်သူများ၏ စားဝတ်နေရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းများတွင်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတိုးတက်လာသည်နှင့်အမျှ နိုင်ငံ့အမျိုးသားဝင်ငွေတိုးတက်လာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အနုပညာရှင်များက **"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"** အစီအစဉ်ဖြင့် သရုပ်ဖော်ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

၎င်းနောက် နိုင်ငံတော်သမ္မတထံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က **"လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"** အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနား တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် **"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"** အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲအထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊

(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊

(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊

(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၏ရှေ့မှောက်၌ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၁ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၇ ဒသမ ၁၅ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မဲဆန္ဒနယ်မြေအတွင်း၌ရှိကြသည့် မဲဆန္ဒရှင်ပြည်သူများနှင့် ခဏတာပြန်လည်ထိတွေ့ခွင့်ရပြီး ယခုကဲ့သို့ ကျန်းမာစွာဖြင့် လွှတ်တော်အစည်းအဝေးကို စုံစုံညီညီပြန်လည်တက်ရောက်လာသည်ကို မြင်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်း။

မိမိတို့ တတိယအကြိမ် ပြည်သူ့လွှတ်တော်၏ လုပ်ငန်းစဉ်အစကိုပြန်ကြည့်လျှင် ပထမအကြိမ် ပုံမှန်အစည်းအဝေးကာလသည် ခုနစ်ရက်ကြာမြင့်ပြီး ပြည်သူနှင့် ပြန်လည်ထိတွေ့ရသည့်ရက်သည် ၅၂ ရက်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးကာလသည် ၃၂ ရက်ကြာမြင့်ပြီး ပြည်သူနှင့်ပြန်လည်ထိတွေ့ရသည့်ကာလသည် ၅၁ ရက်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ပြည်သူ့လွှတ်တော်၏ တတိယအကြိမ်ကာလတွင် အလုပ်လုပ်ရက် ၃၉ ရက်ရှိခဲ့ပြီး လွှတ်တော်ရပ်နားထားစဉ် မဲဆန္ဒရှင်ပြည်သူများနှင့် ပြန်လည်ထိတွေ့ခွင့်ရသည့်ရက် ၁၀၃ ရက်ရှိပါကြောင်း။

လွှတ်တော်သက်တမ်းတစ်လျှောက် ဆောင်ရွက်ခဲ့သမျှကို အကျဉ်းချုံးပြန်လည်သုံးသပ်ကြည့်လျှင် လွှတ်တော်၏ အဓိကတာဝန်များဖြစ်သည့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်တင်မြှောက်ခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်က နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ ခန့်အပ်ရေးတာဝန်များအပြင် အတည်ပြုခြင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူကိုယ်စားပြု လုပ်ငန်းစဉ်အနေဖြင့် အလုပ်လုပ်ရက်အတွင်း၌ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း ၈၈၅ ခု မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး အဆို သုံးခုတင်ပြနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ စွမ်းရည်မြှင့်သင်တန်းများအဖြစ် ဥပဒေနှင့် ပြည်သူ့ငွေစာရင်းသင်တန်း နှစ်ကြိမ်၊ ဝန်ကြီးဌာနဆိုင်ရာဆွေးနွေးပွဲ နှစ်ကြိမ်၊ Talk Show တစ်ကြိမ်၊ နည်းပညာနှင့် AI ဆိုင်ရာ အသိပညာပေးအစီအစဉ် နှစ်ကြိမ် စုစုပေါင်း ခုနစ်ကြိမ် ပြီးခဲ့သည့်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် လွှတ်တော်၏ရေးရာကော်မတီ ၂၂ ခုသည်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြင်ပအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း ၇၂ ကြိမ်ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ပြည်သူများ၏ တင်ပြစာ ၃၀၅ စောင်ကို လက်ခံရရှိပြီး ဖြေရှင်းမှု ၂၄၈ စောင်၊ လွှဲပြောင်းပေးမှု လေးစောင်၊ ကြားနာမှု ၁၁ စောင်၊ ကွင်းဆင်းစစ်ဆေးမှု တစ်ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲတိုင်ကြားစာ ၄၁ စောင်ရှိပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးပိုင်းကိုကြည့်လျှင် ပြီးခဲ့သည့်ကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတကာ



ဖိုရမ် တက်ရောက်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်၏ ကိုးကြိမ်မြောက် လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲသို့ International observer team အနေဖြင့် သွားရောက်နေဆဲဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်ဦးရေ ၃၀ ကို အိန္ဒိယလွှတ်တော်လေ့လာရေးခရီးစဉ်စေလွှတ်ခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် တတိယအကြိမ် အာဆီယံလွှတ်တော်များဆိုင်ရာ တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ ကိုယ်စားလှယ် ငါးဦး စေလွှတ်ခဲ့ပြီး တရုတ်-အာဆီယံတို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်းများ၊ ဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ သံအမတ်များ၊ သံတမန်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားအောက်လွှတ်တော်ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရုစ်ပါတီဥက္ကဋ္ဌတို့ကို လက်ခံတွေ့ဆုံခြင်းများရှိခဲ့ပြီး Parliament to Parliament ဆက်ဆံရေး၊ Parliament Friendship Group များဖွဲ့စည်းရေး၊ ကော်မတီချင်းဆက်ဆံရေး စသည်များကို ထိရောက်စွာဆွေးနွေးအမြင်ချင်းဖလှယ်နိုင်ခဲ့ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်နှင့် မိမိတို့ပြည်သူ့လွှတ်တော် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာရေးထိုးရေး မူကြမ်းများလည်း ပေးပို့ထားပြီးဖြစ်သည့်အတွက် လုပ်ငန်းအဆုံးသတ်နိုင်အောင် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်အနေဖြင့် ပြီးခဲ့သည့်ကာလအတွင်း နိုင်ငံတကာဆက်ဆံရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း မိမိတို့မဲဆန္ဒနယ်မြေအတွင်း၌ ပြည်သူများနှင့် ကွင်းဆင်းတွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ဒေသခံပြည်သူများ၏လိုအပ်ချက်များကို နားထောင်မှတ်သားခြင်း၊ ပြည်သူအကျိုးပြု၊ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ခဲ့ခြင်း စသည်များကို ဒေသဆိုင်ရာမှတ်တမ်းများ၊ သတင်းများအရ တွေ့မြင်ကြားသိရသည့်အတွက်လည်း ကိုယ်စားလှယ်ကြီးများကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်သည် လွှတ်တော်အတွင်းသာမက မိမိကိုယ်စားပြုသည့် မဲဆန္ဒရှင်ပြည်သူများ၏ အသံကို လွှတ်တော်ထဲသို့ ယူဆောင်ပေးရန် တာဝန်ရှိပါကြောင်း၊ လွှတ်တော်ထဲတွင် ပြည်သူ့ဆန္ဒများကို နိုင်ငံတော်၏အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် စဉ်းစားသုံးသပ်ပြီး မေးခွန်းများဖြင့် တင်ပြခြင်း၊ အဆိုများ ဆွေးနွေးတင်ပြခြင်း၊ ဖြေရှင်းရန်ကြိုးပမ်းခြင်း၊ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများထံ လွှဲပြောင်းတင်ပြခြင်း စသည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ယနေ့မှ စတင်သည့် လွှတ်တော်အစည်းအဝေးသည် ပြည်သူ့အသံကို နားထောင်သည့် လွှတ်တော်၊ ပြည်သူ့အရေးကို နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ဆက်စပ်ပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးသည့် လွှတ်တော်၊ လိုအပ်ချက်များကို လက်တွေ့ကျကျ ညှိနှိုင်းအဖြေရှာပေးသည့် လွှတ်တော်အဖြစ် ပိုမိုပီပြင်စွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့်ကာလများမှ အခြေအနေများကို အကျဉ်းချုပ်တင်ပြပြီးနောက် မိမိတို့လွှတ်တော်၏ ရှေ့ခရီးကိုလည်း အတိုချုပ်တင်ပြလိုပါကြောင်း၊ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့်အတိုင်း ပီပီပြင်ပြင်အကောင်အထည်ဖော်နိုင်ရန်အတွက် လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်ရေး မဟာဗျူဟာ ငါးနှစ်စီမံကိန်းကို ရေးဆွဲထားပြီးဖြစ်သည့်အတွက် တစ်ဆင့်ချင်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်၏ ယခုအစည်းအဝေးကာလတွင် မေးမြန်းခြင်းမှသည် ဖြေရှင်းခြင်းသို့၊ ဆွေးနွေးခြင်းမှသည် ရလဒ်ဆီသို့ ဆိုသည့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လွှတ်တော်၏ဂုဏ်သိက္ခာသည် ကိုယ်စားလှယ်များ၏ စွမ်းရည်၊ ကြိုးပမ်းဆောင်ရွက်ချက်ဖြင့် တည်ဆောက်ရမည် ဆိုသည့်စကားကို အလေးအနက်ထားပေးကြပါရန် အကြံပြုလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လှူဒါန်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအတွက် ရုံးအဆောက်အအုံအသစ်ကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွန်းဦးက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ရုံး ဖွင့်လှစ်နိုင်ခြင်း မရှိသေးသောရုံးများ၊ ရုံးအင်္ဂါရပ်များနှင့်ညီညွတ်မှုမရှိသော အိုမင်းဟောင်းနွမ်းနေသည့် ဌာနပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် နှစ်စဉ် လျာထားတင်ပြတောင်းခံလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံရာတွင် အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ရုံးအဆောက်အအုံများ၊ မန္တလေးငလျင်ဒဏ်အပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်ရုံးများကို ဦးစားပေးလျာထားတောင်းခံခဲ့သဖြင့် ပေါက်ခေါင်းမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် လျာထားတောင်းခံမှုတွင် မပါရှိခဲ့ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံရသည့် ရုံးများ၊ ဌာနပိုင်ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးသောရုံးများ၊ ရုံးအင်္ဂါရပ်များနှင့် ညီညွတ်မှုမရှိသော အိုမင်းဟောင်းနွမ်းနေသည့် ဌာနပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေး လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိမှုအပေါ် ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်မြို့များသို့ နိုင်ငံခြားခရီးသွားများ စနစ်တကျဝင်ရောက်ခွင့်ကို (ယာယီ) ရပ်ဆိုင်းထားခြင်းကို ပြန်လည်ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ၊ မရှိပါက အဘယ်ကြောင့်နည်းနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးရဲထွန်းဦးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသများသို့ ယခင်အတိုင်း နိုင်ငံခြားသားခရီးသွားများ စနစ်တကျဝင်ရောက်လည်ပတ်ခွင့်ကို ထိုင်းနိုင်ငံသားများအတွက် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်၊ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ တာချီလိတ်ခရိုင်အတွင်းသာ ခွင့်ပြုလျက်ရှိပါကြောင်းနှင့် ထိုင်းနိုင်ငံသားများကို နိုင်ငံကူးလက်မှတ်၊ ဗီဇာဖြင့်လည်းကောင်း၊ တတိယနိုင်ငံသားများကို Package Tour ဖြင့်သာ ဝင်ထွက်ခွင့်ပြုလျက်ရှိသည့်အတွက် နိုင်ငံကူးလက်မှတ်၊ ဗီဇာအပြင် Package Tour သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါကလည်းကောင်း၊ တာချီလိတ်၊ ကျိုင်းတုံပြည်ထောင်စုလမ်းမကြီးအတိုင်း အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက် (မြဝတီနယ်စပ်ဂိတ်မပါ)များမှ ဝင်ထွက်ခွင့်ပြုလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **ချောင်းဦးမြို့ပေါ် ရပ်ကွက်လေးခု ရေကြီးနစ်မြုပ်မှုမှ ကင်းလွတ်စေရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က ချောင်းဦးမြို့ပေါ်တွင် ရေဝင်ရောက်လေ့ရှိသည့် မြို့၏ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် မြို့သစ်ရပ်ကွက် တောင်ဘက်ခြမ်း ဘူတာရပ်အတွင်း ပေ ၁၅၀၀ မြေသားရေမြောင်းတူးဖော်ခြင်း၊ မြို့မရပ်ကွက် သိမ်တော်တံတားအနီး(မြို့လည်)ချောင်းသို့စီးဆင်းသည့် ပေ ၁၀၀၀ ရေဆိုးထုတ်မြောင်းတူးဖော်ခြင်း၊ မြို့မရပ်ကွက် ရုံးပတ်လမ်း ပေ ၁၀၀၀ ရေမြောင်းတူးဖော်ခြင်း စုစုပေါင်းအရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေ၊ အနက် ရှစ်ပေဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ချောင်းဦးမြို့ မြို့မရပ်ကွက်၊ တမာမြိုင်ရပ်ကွက်၊ ချောင်းဦးတောင်ရပ်ကွက်တို့ ချိတ်ဆက်ပေးသော အရှေ့မအုပ်ရပ် ရေကျော်နေရာတွင် ငါးတန်ခံ အလျားပေ ၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်ပေ ကွန်ကရစ်တံတား တစ်စင်းနှင့် တမာမြိုင်ရပ်ကွက်အတွင်း လက်ရှိကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသည့် အလျား ၁၃ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့် ရှစ်ပေရှိ တံတား၏ ချဉ်းကပ်ခုံ နှစ်ဖက်လုံးမှာ ချောင်းအတွင်း တည်ဆောက်ထားသဖြင့် အဆိုပါနေရာတွင် လိုအပ်ချက်နှင့်ကိုက်ညီသော တံတားတစ်စင်းကို အစားထိုးတည်ဆောက်ပေးပါက မိုးရာသီကာလတွင် ချောင်းရေစီးဆင်းပါက သွားလာမှုလွယ်ကူချောမွေ့စေခြင်း၊ ရေစီးရေလာစနစ်ပိုမိုကောင်းမွန်မည်ဖြစ်သဖြင့် **စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

အဆိုပါလုပ်ငန်း နှစ်ခုကို ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခေါ် ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ် မြို့မဈေးကို ဈေးဝယ်စင်တာအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးခင်မောင်လတ်က လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကောက်ခံရရှိသောအခွန်ငွေများဖြင့် မြို့သာယာလှပရေးနှင့် လမ်း၊ တံတားလုပ်ငန်း၊ မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့က ဈေးသစ်ပြန်လည်တည်ဆောက်ရန် လတ်တလောအစီအစဉ် မရှိသေးပါကြောင်းနှင့် မြို့မဈေးဟောင်းကြီးကို ဈေးသူ၊ ဈေးသားများက ၎င်းတို့ဆန္ဒနှင့်အညီ ခေတ်မီသောဈေးသစ်အဖြစ် အကျိုးတူရင်းနှီးမြှုပ်နှံလိုသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင်များရှိပါက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့ မြို့မအမှတ်(၂)ရပ်ကွက်၊ အ.မ.က-၂ (မူလွန်)ကျောင်းရှိ ကျောင်းဆောင်ဟောင်းကို မည်သည့်ကာလတွင် အသစ်ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တမူးမြို့နယ် မြို့မအမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းဆောင် လေးဆောင်၊ စာသင်ခန်း ကိုးခန်းရှိပြီး ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ စာသင်ခန်း ရှစ်ခန်း ထပ်မံလိုအပ်လျက်ရှိပါကြောင်း။

ကျောင်းသားဦးရေအရ လိုအပ်သော စာသင်ခန်း ရှစ်ခန်းစာ ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရေးအတွက် အန္တရာယ်ဆောင်ဖြစ်သော ပေ ၁၂၀ x ၃၀ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ဆောင်ကို ဖျက်သိမ်းပြီး ပေ ၁၄၀ x ၃၀ RCC နှစ်ထပ်ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက် အ.ထ.က(ကျောင်းခွဲ) အမှတ်(၂)တွင် နှစ်ထပ်ကျောင်းဆောင်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင် ငါးဆောင်၊ စာသင်ခန်း ၂၀ ဖြင့် နှစ်သုတ်တက်ကျောင်းအဖြစ် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် မြေနေရာလုံလောက်မှုအပေါ်မူတည်၍ စာသင်ခန်း ၁၂ ခန်းစာ ပေ ၁၄၀ x ၃၀ RCC သုံးထပ်ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၏ **ထားဝယ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိအဆောက်အအုံကို သုံးထပ်ဆောင်အသစ်အဖြစ် မည်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ထားဝယ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် ရှစ်ဆောင်၊ စာသင်ခန်း ၃၇ ခန်းဖြင့် သင်ကြားသင်ယူလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ ပေ ၁၄၀ x ၃၀ အုတ်ညှပ် နှစ်ထပ် ပိတောက်ဆောင်သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ၏ စိစစ်ထောက်ခံချက်အရ အန္တရာယ်ဆောင်ဖြစ်သဖြင့် အဆိုပါကျောင်းဆောင်ကို ဖျက်သိမ်း၍ လိုအပ်သော စာသင်ခန်းအရ ဆောက်လုပ်ပေးရမည့် ကျောင်းဆောင်ကို လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ်တွင် ဆရာ၊ ဆရာမအင်အား ပြည့်စုံလုံလောက်မှုမရှိပါ၍ ဆောလျင်စွာဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၂၀၁ ကျောင်းရှိရာ ဖွင့်ကျောင်း ၁၆၁ ကျောင်းရှိပြီး အထက်တန်းဆင့်သင်ကျောင်းများတွင် ဆရာ၊ ကျောင်းသားအချိုးအရ ဆရာပြည့်စုံလုံလောက်မှုရှိပါကြောင်း၊ အလယ်တန်းဆင့်သင်ကျောင်းများတွင် လယ်ဆင့်သင်ဆရာလိုအပ်ချက်ရှိသောကျောင်း ကိုးကျောင်းရှိပြီး ဆရာလိုအပ်ချက်ကို B.A(Edu), B.Sc (Edu) သင်တန်းဆင်းများခန့်ထားချိန်တွင် သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သင်ကြားရေး ဆရာ၊ ဆရာမများ အပြောင်းအရွှေ့နှင့် ရာထူးတိုးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ဆန္ဒပြုလျှောက်ထားသူရှိပါက သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းခန့်ထားသွားမည်ဖြစ်ပါကြောင်း။

မူဆင့်သင်ဆရာ လိုအပ်ချက်ရှိသောကျောင်း ၁၂၃ ကျောင်းအနက် မူလတန်းဆင့်သင်ကျောင်း ၁၂၀ တွင် ဒေသခန့်ဆရာ ၁၈၈ ဦးဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် Dip.EP သင်တန်းဆင်း မူဆင့်သင်ဆရာ ၂၅၅ ဦးကို ခန့်ထားပြီးဖြစ်ပါသဖြင့် ဆရာလိုအပ်ချက်မရှိပါကြောင်း၊ မူဆင့်သင်ဆရာ ခန့်ထားမှုမရှိသည့် လွန်တောင်း- အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်ပြား- အခြေခံပညာအလယ်တန်းကျောင်း၊ ပတ်လည်အင်း- အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ကျောင်းတို့အတွက် ရပ်ရွာမှ စေတနာ့ဝန်ထမ်း ရှစ်ဦး၊ ဒေသအခြေအနေအရ ယာယီပိတ်ထားသောကျောင်းများမှ ဆရာ၊ ဆရာမ ၁၃ ဦးကို ယာယီတွဲဖက်သင်ကြားစေခြင်းဖြင့် လတ်တလောသင်ကြားရေး အဆင်ပြေစေရန် ဆောင်ရွက်ထားပါကြောင်း၊ ဆရာလိုအပ်ချက်ရှိသော အဆိုပါကျောင်း သုံးကျောင်းအတွက် သင်ကြားရေး ဆရာ၊ ဆရာမ အပြောင်းအရွှေ့လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ဆန္ဒပြုလျှောက်ထားသူရှိပါက သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နတ်တလင်းမဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **နတ်တလင်းမြို့နယ်အတွင်းရှိ ရွာသာကုန်း-ဇီးပင်ကွင်း-ရှမ်းကုန်း-လက်ခုတ်ပင် ကျေးရွာချင်းဆက်လမ်း ပျက်စီးနေပါသဖြင့် ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရွာသာကုန်း-ဇီးပင်ကွင်း -ရှမ်းကုန်း -လက်ခုတ်ပင်သို့ဆက်သွယ်ထားသောလမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးက စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ လမ်းအရှည် ၂ မိုင် ၇ ဖာလုံရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ကျန်ရှိသောအမာခံလမ်း တစ်မိုင်နှင့် မြေသားလမ်း ၆ ဒသမ ၇၆ ဖာလုံခန့်မှာ ပျက်စီးလျက်ရှိပါကြောင်း။

အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ပြီးသော လမ်းပိုင်း တစ်မိုင် (သုည ဒသမ ၂၄ ဖာလုံ)မှ မြေနီကျောက်စရစ်ခင်းလုပ်ငန်း နှစ်ဖာလုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်၏ **မြောင်းမြမြို့နယ် ရေကျော်ကျေးရွာအုပ်စုနှင့် လပွတ္တာမြို့နယ် ရေဆိုင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်သည့် ရေကျော်-ရေဆိုင်လမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြောင်းမြ-လပွတ္တာလမ်းမှ တူးမြောင်း-ရေကျော်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုက စီမံခန့်ခွဲသော အရှည် ၈ မိုင် ၁ ဖာလုံရှိ Class (C)အဆင့် မြေသားလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိအခြေအနေသည် ၂ မိုင် ၅ ဖာလုံမှာ လမ်းအကျယ်ပေ ၂၀၊ သုံးမိုင်မှာ လမ်းအကျယ် ၁၅ ပေ၊ ၂ မိုင် ၄ ဖာလုံမှာ လမ်းအကျယ် ၁၂ ပေခန့်သာရှိပါကြောင်း။

ဌာနကသတ်မှတ်ထားသော လမ်းအကျယ်ရရှိနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ လမ်းကော်မတီများ၊ လယ်ယာမြေပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်သော လမ်းအကျယ်ရရှိပါက ရေလွှမ်းမိုးမှုမဖြစ်ပေါ်စေရေးအတွက် လိုအပ်သော လမ်းတာအမြင့်ကို မြေပြင်ကွင်းဆင်းတိုင်းတာ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝါးခယ်မမဲဆန္ဒနယ်မှ ဦးသန်းနိုင်၏ **ဝါးခယ်မမြို့နယ်၌ သရွတ်သွတ်ချောင်းကူးတံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဝါးခယ်မမြို့နယ် သရွတ်သွတ်ချောင်းကူးတံတား တည်ဆောက်ရမည့်နေရာသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ကျေးရွာချင်းဆက်လမ်းပေါ်တွင် မရှိပါကြောင်း၊ အဆိုပါချောင်းကူးတံတားတည်ဆောက်ရမည့် လျာထားနေရာတွင် မူလလမ်းနယ်နိမိတ်အကျယ်သည် ရှစ်ပေခန့်သာရှိပြီး လူနေအိမ်များနှင့် ကပ်လျက်ရှိနေပါကြောင်း၊ လိုအပ်သော လမ်းနယ်အကျယ်ရှိအောင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်း၍ရရှိလာသော ရလဒ်ပေါ်မူတည်ပြီး သတ်မှတ်လမ်းနယ်အကျယ်ရရှိအောင် ကနဦးဆောင်ရွက်ပြီးမှသာ တံတားတည်ဆောက်ခြင်းလုပ်ငန်းကို စတင်ရမည်ဖြစ်ပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဇီးကုန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းထွန်း၏ **ဇီးကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ရွှေဘုံသာတံတားပျက်စီးနေမှုကို အသစ်တည်ဆောက်ရန် သို့မဟုတ် ပြုပြင်ရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ဇီးကုန်း-သစ်မျှောကြီးကျေးရွာချင်းဆက်လမ်းသည် တိုင်းဒေသကြီးက စီမံခန့်ခွဲသောလမ်းဖြစ်ပြီး အဆိုပါလမ်းပေါ်ရှိ ရွှေဘုံသာတံတားသည် ပြည်ထောင်စုက ကြီးကြပ်ကွပ်ကဲသော တံတားဖြစ်ပါကြောင်း၊ ယခုအခါ ကမ်းကပ်ခုံ Pier တိုင်များနှင့် သံဘောင်ရက်မများမှာ ကောင်းမွန်နေပြီး သစ်သားကြမ်းခင်းနှင့် လက်ရန်းများမှာ ဆွေးမြည့်ပျက်စီးလျက်ရှိပါကြောင်း။

လက်ရှိမြေပြင်အနေအထားအရ သစ်သားကြမ်းခင်းနှင့် လက်ရန်းတန်းများကို အသစ်လဲလှယ်ပြင်ဆင်၍ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ပျဉ်းကတိုးသစ်များ အသုံးပြုပြီး အသစ်လဲလှယ်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ်သန်း ၇၀ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ပထမဦးစားပေး လျာထားတင်ပြပေးမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် မြန်မာ-အိန္ဒိယ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-ကမ္ဘောဒီးယား၊ မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့များတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့် **“တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”**တို့ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့လာသော **“နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ”**နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့်အဆိုကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ၉ ကြိမ်မြောက် ဒူးမားလွှတ်တော်အမတ် ရွေးကောက်ပွဲ၏ ပဏာမရလဒ်များ ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် လွှတ်တော်အမတ်များရွေးကောက်ပွဲသို့ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်သူကိုယ်စားလှယ်အဖြစ် ရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇာနည်မော်ဝင်း၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ရုံး၌ ယနေ့ကျင်းပသည့် ၉ ကြိမ်မြောက် ဒူးမားလွှတ်တော်အမတ်ရွေးကောက်ပွဲ၏ပဏာမရလဒ်များကြေညာခြင်းနှင့် နိုင်ငံတကာမှ စောင့်ကြည့်သူ UEC နှင့် လွှတ်တော်ကိုယ်စားလှယ်များက ရွေးကောက်ပွဲအပေါ် သုံးသပ်သည့်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရုရှားနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mrs. Ella Pamfilova က ရွေးကောက်ပွဲဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်သူ UEC ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များ၊ ပါလီမန်လွှတ်တော်များမှ ကိုယ်စားလှယ်များက ရွေးကောက်ပွဲအပေါ် သုံးသပ်ဆွေးနွေးကြသည်။

အဆိုပါရွေးကောက်ပွဲကာလအတွင်း ဒရုန်းဖြင့် တိုက်ခိုက်မှုရှိခဲ့ပြီး နှစ်ဦးသေဆုံးခဲ့ကာ မဲရုံအမှတ် (၁၂၈၃)မှ မဲရုံမှူး Mrs. Sanaikhina အပါအဝင် ဦးရေ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ပထမရက်တွင် မဲပေးစက်များကို နှောင့်ယှက်သည့် ဆိုက်ဘာတိုက်ခိုက်မှုများရှိခြင်း၊ ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူများနှင့် မိသားစုဝင်များကို စာပို့ခြိမ်းခြောက်ခြင်းတို့ ရှိခဲ့ကြောင်း သိရသည်။

၉ ကြိမ်မြောက် ဒူးမားလွှတ်တော်အမတ်ရွေးကောက်ပွဲတွင် ပါတီပေါင်း ၁၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး United Russia ပါတီက ၅၇ ဒသမ ၇၉ ရာခိုင်နှုန်း၊ ကွန်မြူနစ်ပါတီက ၁၃ ဒသမ ၇၃ ရာခိုင်နှုန်းဖြင့် နေရာအများစုရရှိခဲ့သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် Russia 1 ရုပ်သံချန်နယ်၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# “လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

နိုင်ငံ့ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်အခြေခံသည့် စက်မှုလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ နည်းပညာရရှိရေးနှင့် ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်ရေးရည်ရွယ်ချက်များဖြင့် **“လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့”**အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် “လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာမောင်မောင်သိမ်းက ဦးဆောင်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်၊ ဒေါက်တာမောင်အောင်နှင့် မြန်မာ့ဩဘာစီးပွားရေးလုပ်ငန်းစု ဥက္ကဋ္ဌ ဦးသတိုးဟိန်းတို့က လယ်ယာ၊ သားငါး၊ စက်မှု၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ကဏ္ဍတို့မှ နိုင်ငံ့ထုတ်ကုန်တိုးမြှင့်ရေးအတွက် ကဏ္ဍအလိုက် လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်သင့်သည့်အခြေအနေများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ လယ်ယာ(အဓိကသီးနှံ၊ စက်မှုသီးနှံ)၊ သားငါး၊ စက်မှု၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ကဏ္ဍများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်း၊ ဒေါက်တာရဲတင့်ထွန်း၊ ဒေါက်တာအောင်ဇေယျ၊ ဦးမင်းမင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းတို့က ဦးဆောင်သဘာပတိများအဖြစ် ဆောင်ရွက်၍ စာတမ်းရှင်များက ကဏ္ဍအလိုက်စာတမ်းများဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား၍ ဦးဆောင်သဘာပတိများက ဆောင်ရွက်သင့်သည့်နည်းလမ်းများကို အကြံပြုဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကဏ္ဍအလိုက် ဆွေးနွေးပွဲများကိုလည်း အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ”**ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် **“အောက်တန်းကျ ရက်စက်ယုတ်မာတဲ့နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကို သတ်ဖြတ်နေတဲ့အကြမ်းဖက် PDFများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ တပ်မတော်အရာရှိကြီးများကို တွေ့ဆုံအမှာစကားပြောကြား



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ တပ်မတော်အရာရှိကြီးများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၁**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံးဌာနအသီးသီးမှ တပ်မတော် အရာရှိကြီးများကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ ရုံး၊ ဌာနအသီးသီးမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်း အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော် အရာရှိကြီးများအနေဖြင့် လုပ်ငန်းတာဝန်များ အပေါ်တွင် စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်များ ကောင်းမွန်စွာဖြင့် ကြိုးပမ်းထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အဖွဲ့အစည်းတစ်ခုတွင် လုပ်ငန်းအောင်မြင်ရန်အတွက် ဦးဆောင်သူများ၏ လုပ်ငန်းရည်မှန်းချက်၊ အကောင်အထည်ဖော်မှုနည်းလမ်းနှင့် သဘောတရားများကို လုပ်ဖော်ကိုင်ဖက်များကပါ သိရှိနားလည်မှသာ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရုံး၊ ဌာနအလိုက် ခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့ လက်အောက်တွင် လိုက်ပါဆောင်ရွက်နေကြသည့်လက်အောက်ငယ်သားများ၏ အားနည်းချက်၊ အားသာချက်များသိရှိပြီး သင့်လျော်သည့်တာဝန်များကို ပေးအပ်နိုင်ရမည်ဖြစ်ကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ ရုံးဌာနများသည် တပ်မတော် တစ်ရပ်လုံး၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်လုပ်ငန်း တာဝန်များကို ဦးဆောင်မှု ပြုလျက်ရှိကြောင်း၊ တပ်မတော်၏ဦးနှောက်ဟု တင်စားရမည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်း အတွင်းရှိ ရုံးဌာနများသည် လုပ်ငန်း တာဝန်များကို ထိရောက်မှန်ကန်မှုရှိအောင် ကြိုးစားဆောင်ရွက်ဖို့လိုကြောင်း။

တပ်မတော်သားများ အားလုံး တပ်မတော်သို့ စတင်ဝင်ရောက်ချိန်မှစ၍ နေထိုင်စားသောက်မှု၊ လုပ်ငန်းတာဝန် ထမ်းဆောင်မှုနှင့်တပ်မတော်သားတစ်ဦး၏ခံစားပိုင်ခွင့်ကိစ္စရပ်များကို အငြိမ်းစားယူသည့်အချိန်ကာလထိ လုပ်ငန်းဆောင်တာများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ ရုံးဌာနများမှ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ရုံးဌာနများတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များသည် အရည်အချင်းအရ ပြည့်ဝရန်လိုအပ်ပြီး စိတ်ဓာတ် စည်းကမ်းတွင် စံနမူနာပြဖြစ်ရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီး ချိန်မှစ၍ လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် အယူဝါဒရေး၊ လူမျိုးရေး အကြောင်းပြပြီး နည်းမျိုးစုံဖြင့် နိုင်ငံတော် ပြိုကွဲအောင် လုပ်ဆောင်ခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူနှင့်လက်တွဲကာ အသက်သွေးချွေးများစွာပေးဆပ်၍ နိုင်ငံတော်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းထမ်းဆောင်ခဲ့ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှအဖျက်သမားများ၏ သွေးထိုးနှောင့်ယှက် လှုံ့ဆော်ခဲ့မှုများကြောင့် အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများသည် နည်းမျိုးစုံဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခဲ့ကြကြောင်း၊ တစ်ချိန်တည်းတွင် ရိုးသားသော တိုင်းရင်းသားပြည်သူများကို သွေးထိုးလှုံ့ဆော်၍ အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ကာ နိုင်ငံတော်ပြိုကွဲအောင်လုပ်ဆောင်လာခဲ့သဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်၍ စွမ်းစွမ်းတမံ ကြိုးပမ်းကာကွယ်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အချက်အချာနေရာ(Geopolitical Pivot) တစ်ခုအဖြစ်တည်ရှိနေပြီး နိုင်ငံရေးစနစ်မတူညီသည့် အင်အားကြီးနိုင်ငံများကြားတွင် တည်ရှိကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့နိုင်ငံ၏အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးသဖြင့် တပ်မတော်က တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်နိုင်သည့် အင်အားရှိသော၊ စွမ်းရည်ထက်မြက်သော တပ်မတော် ဖြစ်ရန်အတွက် တပ်မတော်သားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ပြည့်ဝဖို့လိုကြောင်း၊ သမိုင်းကြောင်းတစ်လျှောက် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်အောင်

**အမျိုးသားအကျိုးစီးပွားဖော်ဆောင်နိုင်ရန် နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့အတွက် နိုင်ငံတော်ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာဖို့လိုကြောင်း၊ သို့ဖြစ်၍ အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားတစ်ဦးချင်းစီ၏ အရည်အချင်းမြင့်မားစေရန် ဝိုင်းဝန်းကြိုးပမ်းကြဖို့လိုကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်ကြမည်ဆိုပါက မည်သည့်စိန်ခေါ်မှုကိုမဆို အောင်မြင်စွာကျော်လွှားနိုင်မည်ဖြစ်ကြောင်းဖြင့်. . .**

ကြိုးပမ်း ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အရာရှိကြီးများအနေဖြင့် သက်ဆိုင်ရာလက်ရုံးတပ်ဖွဲ့များကို ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်နေကြရသူများဖြစ်သည့်အတွက် အရည်အချင်းပြည့်ဝနေရန်လိုပြီး မိမိတို့ဦးဆောင်ရသည့်တပ်ကို စနစ်တကျဖြင့် ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

တပ်မတော် အရာရှိကြီးများသည် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် ကျန်းမာကြံ့ခိုင်မှုရှိရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှုဟုဆိုရာတွင် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ဖို့လိုကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေအောင် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နေကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်ကအားထားရသည့်တပ်မတော်သားများဖြစ်ရန်အတွက် ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင် ကောင်းမွန်ရန်လည်း လိုအပ်ပြီး နိုင်ငံတော်နှင့်တပ်မတော်အပေါ်တွင် မှန်ကန်သည့်ယုံကြည်မှုဖြင့် သစ္စာစောင့်သိနေရန်လိုကြောင်း။

ကိုယ်ကျင့်တရားနှင့် စည်းကမ်းပိုင်းအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်က သတ်မှတ်ထားသည့်စည်းကမ်းများနှင့်အညီ နေထိုင်ရန်လိုပြီး မိမိတို့ကွပ်ကဲမှုအောက်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကိုလည်း ပြောဆိုဆုံးမသွန်သင်နေရန်လိုကြောင်း။

မိမိကိုယ်ကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုအပ်သကဲ့သို့ တာဝန်သိစိတ်ရှိရန်လည်းလိုအပ်ကြောင်း၊ မိမိဦးဆောင်ရသည့် ဌာန၊ အဖွဲ့အစည်းအပေါ်တွင် သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြင့် ထိန်းသိမ်းကြပ်မတ်ရန်လိုကြောင်း။

သတင်းလုံခြုံရေးကိုလည်း တစ်ဦးချင်းစီက အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သတင်းလုံခြုံမှုကျိုးပေါက်ခြင်းကြောင့် များစွာသောထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် လုံခြုံရေးနှင့် သက်ဆိုင်သည့် မည်သည့်ကိစ္စရပ်မဆို အလေးအနက်ထား ထိန်းသိမ်းကြရန်လိုကြောင်း၊ မိမိကိုယ်ကို လေးစားတန်ဖိုးထားရန်လိုပြီး မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းများ၏ အကျိုးဆက်ကိုသိရှိနားလည်ပြီး စနစ်တကျသုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်အရာရှိကြီးများအနေဖြင့် မိမိတို့၏ တပ်ဖွဲ့နှင့် သက်ဆိုင်သည့် ဘာသာရပ်များနှင့် လုပ်ငန်းများကိုလည်း Professional ကျကျ ကျွမ်းကျင်ပိုင်နိုင်အောင် အမြဲမပြတ်လေ့လာဆည်းပူးနေကြရန်လိုကြောင်း၊ ကမ္ဘာ့အရေး၊ ဒေသတွင်းနှင့်နိုင်ငံ့အရေးတို့ကို အမြဲလေ့လာနေ၍ တပ်မတော်နှင့် မိမိတို့၏တပ်ဖွဲ့များအတွက် အကျိုးဖြစ်စေမည့် အရာများကို စူးစမ်းလေ့လာပြီး ကြိုတင်ဆောင်ရွက်နိုင်သည့်အရာများကို အကြံပြုဆွေးနွေးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်၍လည်း မျက်ခြည်မပြတ် စောင့်ကြည့်သတိပြုရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်စုဖွဲ့ထားရှိရန်လိုကြောင်း။

တပ်မတော်သားများပီပီ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ရှိရန်လိုကြောင်း၊ တပ်မတော် အရာရှိကြီးများအနေဖြင့် ကိုယ်ကိုယ်တိုင် ကောင်းမွန်အောင် ကြိုးစားကျင့်ကြံနေထိုင်ပြီး မိမိတို့၏ လက်အောက်ငယ်သားများနှင့် မိသားစုဝင်များကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီနေထိုင်ကြစေရေး ကြပ်မတ်ကွပ်ကဲဖို့လိုကြောင်း၊ **အမျိုးသားအကျိုးစီးပွားဖော်ဆောင်နိုင်ရန် နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့အတွက် နိုင်ငံတော်ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာဖို့လိုကြောင်း၊ သို့ဖြစ်၍ အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားတစ်ဦးချင်းစီ၏ အရည်အချင်းမြင့်မားစေရန် ဝိုင်းဝန်းကြိုးပမ်းကြဖို့လိုကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်ကြမည်ဆိုပါက မည်သည့်စိန်ခေါ်မှုကိုမဆို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်းဖြင့်** ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက သကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇနကာဘိဝံသ၏ ဥတုဇရုပ်ကလာပ်တော်နှင့် အန္တိမအဂ္ဂိစျာပနလောင်တိုက်တည်ဆောက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်(စနေနေ့) နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက သကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇနကာဘိဝံသမဟာထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်အား ယနေ့တွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဖူးမြော်ကြည်ညိုပြီး အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပရေး သြဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ သြဝါဒခံယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အန္တိမအဂ္ဂိစျာပနပြုလုပ်မည့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဘူမိကွင်းသို့ရောက်ရှိပြီး အန္တိမအဂ္ဂိစျာပနလောင်တိုက် ဆောင်ရွက်လျက်ရှိသော မန္တလေးမြို့ ကုသိုလ်တော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇဋိလအား ဖူးမြော်ကြည်ညိုပြီး ဆရာတော် ဘဒ္ဒန္တဇဋိလနှင့်အတူ အန္တိမစျာပနလောင်တိုက် တည်ဆောက်နေမှု၊ သံဃာတော်ဆောင်၊ လူပုဂ္ဂိုလ်ဆောင်များ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# အကြမ်းဖက်ဖြစ်စဉ်များကြောင့် နှစ်နှစ်နီးပါးရပ်နားထားသည့် ဖလမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်လစာများ ပြန်လည်ထုတ်ပေး



**ဖလမ်း စက်တင်ဘာ ၂၁**

အကြမ်းဖက်ဖြစ်စဉ်များကြောင့်၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ဖလမ်းမြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းများ ယာယီရပ်နားထားခဲ့ရပြီး ၂၀၂၅ ခုနှစ် ဧပြီလတွင် ဖလမ်းမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်၍ ဇူလိုင် ၆ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်ကို ပြန်လည်ဖွင့်လှစ်ဝန်ဆောင်မှုပေးနေရာမှ ယနေ့တွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားပင်စင်လစာများကို ပထမဆုံးအကြိမ် ပြန်လည်ထုတ်ပေးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ထုတ်ပေးလျက်ရှိရာ မြို့ပြပင်စင်၊ နိုင်ငံရေးပင်စင်၊ ကာကွယ်ရေးပင်စင်၊ ရဲပင်စင်နှင့် ဘဏ်ပင်စင်များအားလုံးကို ထုတ်ပေးနေခြင်းဖြစ်ပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြီး ပင်စင်မထုတ်ယူခဲ့သူများအနေဖြင့် ဖလမ်းဘဏ်တွင် လာရောက်ကာ ပင်စင်ထုတ်ယူခွင့် ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ပင်စင်ထုတ်ယူမည့် အငြိမ်းစားဝန်ထမ်းများအနေဖြင့် လစဉ် ၁ ရက်မှ ၁၈ ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ ချင်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးဝင်းဇော်ဦး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များသည် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပင်စင်လာရောက်ထုတ်ယူသော အငြိမ်းစားဝန်ထမ်းများကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆူရ်ဘုန်လေဆိပ်သို့သွားရောက်ကာ လေဆိပ်ပင်မအဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်၊ လေဆိပ်ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ စက်ပစ္စည်းများပျောက်ဆုံးပျက်စီးမှုအခြေအနေ၊ လေယာဉ်ပြေးလမ်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပညာသိပ္ပံ ဌာနမှူး ဦးသန်းမြင့်ကျော်က ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ပြုပြင် ပြင်ဆင်ရမည့် လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြသည်။

ဆူရ်ဘုန်လေဆိပ်သည် ချင်းပြည်နယ်၏ ပထမဆုံးလေကြောင်းဝင်ပေါက်အဖြစ် ငွေကျပ် ၄၃ ဒသမ ၇၉ ဘီလီယံဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၇ ရက်တွင် ပထမဆုံးအဖြစ် ATR 72 လေယာဉ် စမ်းသပ်ဆင်းသက်ခဲ့ပြီး ယခုအခါ အကြမ်းဖက်ဖြစ်စဉ်များကြောင့် လေယာဉ်အဆောက်အအုံများ တစ်စိတ်တစ်ပိုင်းပျက်စီးပြီး စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးသွားသည့်အတွက် နိုင်ငံတော်အတွက်သာမက ဒေသခံပြည်သူများအတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒုတိယဝန်ကြီးများဦးဆောင်သည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများပါဝင်သည့် ကော်မတီဝင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကိုဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ် (၂၇) ၆ မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့** နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါအကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူကလက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။**








နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

☆ ကျောဖုံးမှအဆက်

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) မှ နိုင်ငံ့သားကောင်းရတနာများသည် သတ်မှတ်စစ်မှုထမ်းကာလအောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်ပေသည်။ ၎င်းတို့၏ တာဝန်ကျေပွန်မှုအတွက် ဂုဏ်ပြုသည့် အနေဖြင့် နိုင်ငံတော်က ချီးမြှင့်အပ်နှင်းသော ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးတွင် စက်တင်ဘာ ၁၈ ရက်တွင် ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့ လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှု၊ ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများ အဖြစ်လည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း မှတ်တမ်းဝင်ခဲ့ကြသည်ဖြစ်ရာ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး မိမိတို့၏ မွေးရပ်မြေနေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိလာကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများကို ဒေသခံပြည်သူများနှင့် မိဘဆွေမျိုး မိသားစုဝင်များက အောင်မြင်ခြင်း၏ သင်္ကေတဖြစ်သော အောင်သပြေခက်များဖြင့် ဖျန်းပက်ခြင်း၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများ လက်ဝယ်အရောက် ချီးမြှင့်ပေးအပ်ခြင်းတို့ဖြင့် အထူးလေးစားစွာ ဂုဏ်ပြုခဲ့ကြသည်။ ထို့ပြင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာတစ်ရပ်ဖြစ်သော အိုးစည်၊ ဒိုးပတ်တီးမှုတ်ကခုန်သံများဖြင့် မြို့ရွာအနှံ့ ခြိမ့်ခြိမ့်သဲသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် ပီတိဖြစ်ဖွယ်မြင်ကွင်းများကို မြင်တွေ့ကြရပြီး တပ်မတော်နှင့် ပြည်သူကြား အပြန်အလှန်ယုံကြည်လေးစားမှု၊ တစ်သားတည်းဖြစ်တည်နေမှုကို ထင်ရှားစွာသက်သေပြနေသည့် သမိုင်းဝင် မှတ်တိုင်တစ်ခုအဖြစ်လည်း တွေ့မြင်ကြရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ပြည်သူ့စစ်မှုထမ်းများကိုယ်တိုင်လည်း မိမိတို့၏ တာဝန်ကျေပွန်မှုအပေါ် များစွာဂုဏ်ယူဝမ်းမြောက်လျက်ရှိကြသည်။ အလားတူ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းခွင့်ရရှိသည့် ပျော်ရွှင်မှု၊ ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများက လေးစားမြတ်နိုးစွာ ကြိုဆိုခဲ့ကြသည့် ကြည်နူးဖွယ်ရာ မြင်ကွင်းပုံရိပ်များသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း ပျံ့နှံ့ရောက်ရှိခဲ့ပြီး တစ်နိုင်ငံလုံးရှိ ပြည်သူများပါ ကြည်နူးမဆုံး ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြသည်ကို ယခုကဲ့သို့ တွေ့ရှိရသည်။

အဆိုပါ စစ်မှုထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာများသည် စစ်မှုထမ်းဆောင်နေစဉ် ကာလတစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့်နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို ရဲရင့်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာချိန်တွင်လည်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် တားဆီးကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၌ ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်း တပ်မတော်သားများနှင့် ရဲဘော်ရဲဘက် စိတ်ဓာတ်အပြည့်ဖြင့် လက်တွဲကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိစေမည်ဖြစ်သည်။

ထို့ပြင် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် “စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့်ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်”ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်နေသည့် အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က ထာဝစဉ်တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# တတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်နှင့် နည်းပညာပြပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပခဲ့သည့် "တတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်နှင့် နည်းပညာပြပွဲ" သို့ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် လူထုမီဒီယာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ယင်းနည်းပညာကွန်ဂရက်နှင့် နည်းပညာပြပွဲကို မော်စကိုမြို့ရှိ Patriot Congress and Exhibition Center ၌ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်ထိ ကျင်းပခဲ့သည်။

အဆိုပါ ကွန်ဂရက် (Congress)သို့ နိုင်ငံပေါင်း ၄၀ ကျော်မှ ကိုယ်စားလှယ်ဦးရေ ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ဉာဏ်ရည်တု(AI)နည်းပညာ၊ စက်ရုပ်နည်းပညာ(Robotics)နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစနစ်များ (Autonomous Systems) အပါအဝင် ခေတ်မီဆန်းသစ် တီထွင်မှုများကို ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၃၀၀ ကျော်က ခင်းကျင်းပြသသည်။

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကွန်ဂရက်(Congress)နှင့် အိုင်စီအက်စ်ဖိုရမ်များ (ICS Forum)သို့ တက်ရောက်ခဲ့ကြပြီး ရုရှားအစိုးရတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရုရှားအစိုးရပိုင် ကုမ္ပဏီများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီး Shoitov Alexander Mikhailo vich (Ministry of Digital Development,Communications and Mass Media of the Russian Federation)နှင့် တာဝန်ရှိသူများကို သီးခြားစီတွေ့ဆုံ၍ ဆိုက်ဘာလုံခြုံရေး၊ ဒစ်ဂျစ်တယ်အချုပ်အခြာအာဏာ (Digital Sovereignty)ဖော်ဆောင်ရေးနှင့် နိုင်ငံအဆင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံရှိ ဆိုက်ဘာစီးတီး (Cyber City) စီမံကိန်းတွင် ရုရှားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။




အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သက်ဆိုင်ရာဌာနအလိုက် ကိုယ်စားလှယ်များ၊ မြန်မာကိုယ်စားလှယ်အဖွဲ့၏အဖွဲ့ဝင် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း

**✱ ညောင်တုန်းကျွန်းတာမှ**

အနံ ၁၅ ပေခန့် ထပ်မံ၍တာပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တုတ်တန်းရိုက်၊ သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြည့်တာခြေထောက်ခြင်းနှင့် ယာယီပန်းတာတည်ဆောက်ခြင်း၊ သံမဏိကြိုးဆိုင်း ရေကာဆောင်ရွက်ခြင်း၊ Floating Unit ပြုလုပ်ခြင်းလုပ်ငန်း၊ Geotextile အစများဖြင့် ကမ်းပြိုကာကွယ်ခြင်း၊ ရေနက်ပိုင်းရေစီးနှုန်းနှင့် ရေဦးထိုးမှုလျော့ကျစေရန် ဝါးသုံးချောင်းထောက် သဲအိတ်ဆွဲခြင်း စသည့်လုပ်ငန်းများကို ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တွင် ယနေ့ထိရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့်မြို့ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**❑ မုန်တိုင်းငယ်မှ**

မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၇၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့ဘက် ရေမိုင် ၂၉၅ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် အားကောင်းသောမုန်တိုင်းငယ် (Deep Depression)အဖြစ်သို့ရောက်ရှိနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ- ဩရိဿပြည်နယ်တောင်ပိုင်းတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများက ဆေးကုသမှုဆောင်ရွက်ပေး



ဟားခါး စက်တင်ဘာ ၂၁

ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာချမ်းငြိမ်းမောင် ဦးဆောင်မှုဖြင့် ဟားခါးမြို့ ခုတင်-၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသမှုအဖွဲ့က ဆေးကုသမှုဆောင်ရွက်ပေးသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ ညွှန်ကြားချက်အရ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက ယခုကဲ့သို့ ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ကွင်းဆင်း၍ ဆေးကုသပေးခြင်းဖြစ်ပြီး ထိုသို့ဆေးကုသပေးနေမှုကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ ပင်စင်လာရောက် ထုတ်ယူနေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများကို ကြက်ဥများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ◆ တက်ကွန်ဒိုအသင်းမှ

ခင်နှင်းဝေက ရွှေတံဆိပ် တစ်ခု၊ တက်ကွန်ဒို အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက ငွေတံဆိပ်ဆု တစ်ခု၊ တက်ကွန်ဒို အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် စောဖရိုင်းဒေးက ကြေးတံဆိပ် တစ်ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် တက်ကွန်ဒိုအသင်းမှ နည်းပြ နှစ်ဦးနှင့် အားကစားသမား လေးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ကာ အာရှအားကစားပြိုင်ပွဲဝင် နိုင်ငံများ၏ အလယ်တွင် မြန်မာနိုင်ငံတော်အလံကို လွှင့်ထူ၍ ဂုဏ်ယူဝင့်ကြွားစွာ ဆုရစင်မြင့်ထက်၌ မှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် တက်ကွန်ဒို အားကစားသမားများ၏ အာရှအဆင့် ယှဉ်ပြိုင်နိုင်သောစွမ်းရည်ကို ပြသနိုင်ခဲ့သည့် အောင်မြင်မှုတစ်ရပ်လည်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် တက်ကွန်ဒိုအသင်းမှ နည်းပြများနှင့် အားကစားသမားများသည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငြေး၊ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံ တက်ကွန်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာထက်ခိုင်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့သည်။

ဆက်လက်၍ အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် တက်ကွန်ဒိုအသင်းကို နိုင်ငံတော်က ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၆၀၀၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၆၀၀ နှင့် မြန်မာနိုင်ငံ တက်ကွန်ဒိုအဖွဲ့ချုပ်က ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၆၀၀ စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၈၀၀ ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငြေး၊ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံ တက်ကွန်ဒို အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာထက်ခိုင်ဝင်းတို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ■ ဂေါက်သီးရိုက်ပြိုင်ပွဲမှ

အဆိုပါ ပြိုင်ပွဲနောက်ဆုံးနေ့အဖြစ် စက်တင်ဘာ ၂၀ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဂျေဂျေစပန်အနေဖြင့် စုစုပေါင်းရိုက်ချက် ၂၇၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်ထိ လျှော့ရိုက်နိုင်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးရက်မတိုင်မီ ထိပ်ဆုံးက ဦးဆောင်နေသည့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား အာရွန်ရိုင်အနေဖြင့် နောက်ဆုံးနေ့တွင် အနည်းငယ်အမှားအယွင်းများရှိခဲ့ကာ စုစုပေါင်းရိုက်ချက် ၂၇၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်သာလျှော့ရိုက်နိုင်ခဲ့သည့်အတွက် ချန်ပီယံဆုနှင့်လွဲချော်ခဲ့ခြင်းဖြစ်သည်။

အလားတူ ပြိုင်ပွဲမစတင်မီက ချန်ပီယံဆုအတွက် ရေပန်းစားခဲ့သည့် အိုင်ယာလန်ထိပ်တန်း ဂေါက်သီးရိုက်ကစားသမား မက်အီရှိုင်းအနေဖြင့်လည်း စုစုပေါင်းရိုက်ချက် ၂၇၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်သာ လျှော့ရိုက်နိုင်ခဲ့သည့်အတွက် ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဩစတြေးလျဂေါက်သီးရိုက်ကစားသမား အဒမ်စကော့၊ စပိန်ဂေါက်သီးရိုက်ကစားသမား မန်နျူရယ်အယ်ဗီယာတို့ကလည်း စုစုပေါင်းရိုက်ချက် ၂၇၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျှော့ဖြင့် ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ဂျေဂျေစပန်သည် 2026 BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃ သန်းရရှိခဲ့ကြောင်း သိရသည်။ STA

### ❍ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာမှ

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေး လျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသော တက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ ရှစ်ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်(မန္တလေး)
(င) ဆေးတက္ကသိုလ်(မကွေး)
(စ) ဆေးတက္ကသိုလ်(တောင်ကြီး)
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်များ အပါအဝင်(ပိတ်ရက်မရှိ)လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၂၁-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၉ ~ ၃၆၇၁ | ၅၁၇ ~ ၅၁၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၆၁၅,၈၉၂.၇၈ | ၉,၄၉၉,၄၅၁.၉၆ | ၄၆,၆၆၆,၃၄၆.၀၀ | - |

## ထူးခြားသည့် နေ့အပူချိန်များ

(၂၁- ၉ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ခန္တီး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုးညှင်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကသာ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Counsellor Mrs. Angela Anggraeni Soewono နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၃ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသားဦးရေ ၆၄၀ ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၇၀၃ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

● **ဖမ်းဆီးရမိမှု**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ည ၇ နာရီခွဲတွင် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၇)နေ စိုင်းရွှေအောင် ခေါ် စိုင်းလုံ ၆၄ နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မနန်းအုန်းကြည် ခေါ် အေးအောင် ၆၀ နှစ်ကိုတွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းဖြူ ငါးဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် တစ်သိန်း)၊ စိတ်ပြောင်းဆေးဝါး HAPPY WATER ၂ ဒသမ ၉၀၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၅၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၁၃၀၇ ဒသမ ၂၅ သိန်း)၊ အိုက်စ် (မက်သ်အဖက်တမင်း) ဂရမ် ၉၀၀(တစ်ဂရမ်လျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၈၀)၊ အက်တက်စီဆေးပြား ၅၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၂၅ သိန်း)၊ HAPPY WATER ပြုလုပ်ရာတွင်အသုံးပြုသည့် အဖြူရောင်အမှုန့် ဂရမ် ၃၆၀ (တစ်ဂရမ်လျှင်ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၁၂ ဒသမ ၆ သိန်း)တို့ကို ဖမ်းဆီးရမိသဖြင့် စိုင်းရွှေအောင် ခေါ် စိုင်းလုံနှင့် မနန်းအုန်းကြည် ခေါ် အေးအောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၉ ရက် ည ၉ နာရီခွဲတွင် သတင်းအရ သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ပဲခူးသို့မောင်းနှင်လာသည့် YUTONG အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ပင်လောင်းမြို့နယ် လူဖွဲ့ချမ်းရွာနေ မမူစန်းအေး ၃၁ နှစ်ထံမှ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၀၀) ဖမ်းဆီးရမိသဖြင့် မမူစန်းအေးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် ည ၁၀ နာရီတွင် သတင်းအရ ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ(၂)နေ မညန်ရှန်းဝုန် ခေါ် ဝုန်ပီး ခေါ် ချင်းမ ၃၇ နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၇၆၀၀၀၀(တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၉ ဘီလီယံ)ကို ဖမ်းဆီးရမိသဖြင့် မညန်ရှန်းဝုန် ခေါ် ဝုန်ပီး ခေါ် ချင်းမကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သတင်းအရမိုးညှင်းမြို့နယ် နန့်စီးအောင်ရွာအနီးတွင် တန့်ဆည်မြို့နယ် ချစ်လည်ရွာနေ ကျော်လင်း ၅၃ နှစ် မောင်းနှင်လာသော MAZDA အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ဘိန်းစိမ်း ၂၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၃၁၂ သိန်း) ဖမ်းဆီးရမိသဖြင့် ကျော်လင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

- (က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
  - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
- (ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
- (ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  - (၁) ၀၉-၃၄၉၀၃၅၅၃၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄
- (ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  - (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  - (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
- (စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  - (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄
- (ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  - (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁
- (ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  - (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
- (ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  - (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
- (ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
- (ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  - (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
- (ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  - (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
- (ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  - (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
- (ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  - (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
- (ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  - (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
- (တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
  - (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ အများပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောသည်။

ငပုတောမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပိုင်ရှင်များသည် ဒေသထွက် စပါးများကို ဝယ်ယူပြီး ကြိတ်ခွဲကာ ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကိုပြီးခဲ့တဲ့တစ်လအတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငပုတောမြို့နယ်ကနေထွက်ရှိတဲ့ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူမှုများပြားနေပါတယ်။ အခုလက်ရှိမှာလဲ ပေါ်ဆန်းဆန်တွေကို မှာယူမှုတွေရှိပါတယ်။ ဒေသကထွက်ရှိတဲ့ ပေါ်ဆန်းဆန်တွေက အရည်အသွေးကောင်းမွန်ပါတယ် "ဟု ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ကျိုင်းတုံမြို့နယ် ပင်းတောက်ခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုင်းတုံ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်းတောက်ခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပင်းတောက်ခေတ်မီစံပြကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းထံမှ သိရသည်။

**မောင်ခိုင်**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော် အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/ အပျို ဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀ -၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁ - ၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁ - ၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။ (ဖုန်း ၀၃၃- ၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ)(ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်) (ဖုန်း ၀၃၁-၇၄၂၇၄)နှင့် သဇင် FM၊ ပြင်ဦးလွင် (ဖုန်း ၀၃၃-၆၀၁၇၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**








## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၆)၊ Grade-3(A)တန်းတွင် ပညာသင်ကြားနေသော မမျိုးသန္တာအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်မျိုးဝင်း** ဖြစ်ပါကြောင်း။

**ဦးကျော်မျိုးဝင်း(၉/ခအဇ(နိုင်)၀၂၃၅၆၀)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သံဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်အာကာမြင့်မြတ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးအောင်ဇေယျာထွန်း** ဖြစ်ပါကြောင်း။

**ဦးအောင်ဇေယျာထွန်း(၈/ပဖန(နိုင်)၀၇၇၇၁၄)**

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(ဘက)အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးမင်းလှိုင်၏သမီး မကြယ်စင်လင်းလတ်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မကြယ်စင်လင်းလက်** ဖြစ်ပါကြောင်း။

**မကြယ်စင်လင်းလက်(၉/အမရ(နိုင်)၂၁၃၉၇၃)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ၅၆ လမ်း၊ ၂၄-၂၅ လမ်းကြားနေ ဒေါ်မြင့်မြင့်သိန်း (ဘ) ဦးဘိုးဆေး(၅/ကလဝ(နိုင်)၀၃၃၀၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-440060155**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ အုတ်တွင်းကျေးရွာနေ မောင်ညီထက်အောင် (ဘ) ဦးမင်းစိုးအောင်(၉/နထက(နိုင်)၂၁၂၀၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-741344)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-456767279**

## ပျောက်ဆုံးကြောင်း


ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ ဒိုးပင်အုပ်စု၊ လုံခံကျေးရွာနေ မရီရီဝင်း (ဘ) ဦးစိုင်းကြည်ဝင်း(၁၃/နခတ(နိုင်)၀၉၁၅၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-401329689**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့၊ ရပ်ကွက်(၉)နေ နန်းရွှေကြာ (ဘ) ဦးမိုင်စွမ်း(၁/မစန(နိုင်)၀၂၅၁၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-883281)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-662037735**

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ရတနာပုံ
ယနေ့ဖတ်စရာ

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ**

စာမျက်နှာ - ၂၀

**နိုင်ငံ့စီးပွား မြှင့်တင်နိုင်မည့် ဆီထွက်သီးနှံ နှမ်း**

ဆောင်းပါး စာမျက်နှာ - ၁၀

## နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်သော ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်အိမ်ပြန်ခရီးကို မိဘဆွေမျိုးမိသားစုဝင်များသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာ စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆို

နေပြည်တော် စက်တင်ဘာ ၂၁

နိုင်ငံတော်၏ အမိမြေကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ အသက်ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသော

စာမျက်နှာ ၂၅ ကော်လံ ၁ ☆



နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ရတနာများဖြစ်သော ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများကို မိဘဆွေမျိုး မိသားစုဝင်များ၊ဒေသခံ ပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် တက်ကွ်ဘောအသင်းကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်ထိ ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့ရှိ Nagoya City Higashi Sports Center ၌ ကျင်းပခဲ့သည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် တက်ကွ်ဘောအသင်းသည် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တက်ကွ်ဘောအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌

စာမျက်နှာ ၂၇ ကော်လံ ၁ ◆




## အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနေ

နေပြည်တော် စက်တင်ဘာ ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## 2026 BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျေဂျေစပန် ချန်ပီယံဆုဆွတ်ခူး

လန်ဒန် စက်တင်ဘာ ၂၁

အင်္ဂလန်နိုင်ငံတွင်ကျင်းပခဲ့သည့် 2026 BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျေဂျေစပန်က ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၇ ကော်လံ ၄ ■




## လားရှိုးမြို့တွင် ငွေကျပ် ၁၆၂၅ ဒသမ ၈၅ သိန်းတန်ဖိုး၊ သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၂၀၀ တန်ဖိုး၊ ကလေးမြို့တွင် ငွေကျပ် တစ်ဘီလီယံကျော် တန်ဖိုး၊ မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၃၁၂ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၁

လားရှိုးမြို့တွင် ငွေကျပ် ၁၆၂၅ ဒသမ ၈၅ သိန်းတန်ဖိုး၊ သာစည်မြို့နယ်တွင် ငွေကျပ်သိန်း၂၀၀တန်ဖိုး၊ ကလေးမြို့တွင်ငွေကျပ်တစ်ဘီလီယံကျော်တန်ဖိုး၊ မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၃၁၂ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို

စာမျက်နှာ ၂၈ ကော်လံ ၁ ●



စိုင်းရွှေအောင် ခေါ် စိုင်းလုံ၊ မနန်းအုန်းကြည် ခေါ် အေးအောင်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရတနာပုံ
ယနေ့ဖတ်စရာ

**အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်**

စာမျက်နှာ - ၂၈